ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (31-8-2008) (၅၇၈၇)

ဓမ္မစရိယာစ တေံ မင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မလေးရှားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံဘုရင် တွမ်ကူမီဇန်ဇိုင်နယ်လ် အဘီဒင် အစ်ဘနီ အယ်လ်မာဟွန်း ဆူလ်တန် မာမွတ်အယ်လ်မုတာဖီ ဘီလားရှား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင် ဟာဂျီ အာမက်ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ သိဂ်ုတ္တရကုန်းတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပွင့်ရာဗောဓိအင်ကြင်း ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေတိဂုံစေတီတော်နှင့် ရန်ကုန်တိုင်းအတွင်း ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများသို့ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ သိဂ်ုတ္တရကုန်းတော် ပရိဝုဏ်အတွင်း ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ပွင့်ရာဗောဓိအင်ကြင်းပင်ကို စိုက်ပျိုးပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပွင့်ရာဗောဓိအင်ကြင်းပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ
The Mirror

လေ့လာသူတစ်ဦး၏ "ပန်ခွက်ထဲမှာ ရေတစ်ဝက် ပြည့်နေပြီ"

ဆောင်းပါး
စာမျက်နှာ - ၆

"ပြည်သူလူထု၏ ဆန္ဒအမှန်မှာ ဒီမိုကရက်တစ် လူ့အဖွဲ့ အစည်းအဖြစ် ပေါ်ထွန်းစေလိုခြင်း ဖြစ်သည်။ သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ရသည့် ကြားကာလကို နားလည်လက်ခံသည်။ အကွပ်မှကြမ်း ပရမ်းပတာဖြစ်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့် တပ်မတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်များကို ပယောဂ မဖက်၊ စောဒကမတက်ဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပေသည်။"

ကမ္ဘာ့မိုးလေ သတင်းအထွေထွေ ➤ စာမျက်နှာ - ၉

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပင်ဂွင်းငှက်များ ထပ်မံရောက်ရှိ ➤ စာမျက်နှာ - ၁၀

ကြေးမုံ
The Mirror
၃၁-၈-၂၀၀၈
(တနင်္ဂနွေနေ့)

ရာသီမရွေး ဆက်သွယ်သွားလာမှုအကျိုးပြုမည့် ကလေး-ဂန့်ဂေါလမ်းပိုင်း မြောင်းချောင်းတံတားဖွင့်လှစ်

မြန်မာနိုင်ငံတွင် ပထဝီဝင်အနေအထားအရ မြစ်ဝှမ်းလွင်ပြင်၊ ကုန်းမြင့်တောင်တန်းများ ရောပြွမ်း တည်ရှိနေသည်။ မြစ်ချောင်းပေါများကာ လျှိုမြောင်ချိုင့်ဝှမ်း တောင်တန်းများကာဆီးထားမှုကြောင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည်။ တိုင်းရင်းသားအချင်းချင်း အနေနီးလျက် ခရီးဝေးခဲ့ကြရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ စွမ်းအားဖြင့် သဘာဝအတားအဆီးများကို ကျော်ဖြတ်၍ လမ်း၊ တံတားပေါင်းများစွာကို ဖောက်လုပ်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ရာ ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။ ကုန်စည်ရောင်းဝယ်ကူးသန်းမှု တိုးတက်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှု အကျိုးရလဒ်များ ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း ကလေး-ဂန့်ဂေါလမ်းပိုင်း၌ တည်ဆောက်ပြီးစီးသွားသည့် မြောင်းချောင်းတံတားကို ဩဂုတ်လ ၂၆ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ဂန့်ဂေါ-ကလေး ခရီးသွားလာရေးတွင် ယခင်က ယာယီတံတားသာရှိခဲ့၍ယာဉ်ငယ်များသာ သွားလာနိုင်ခဲ့သည်။ ယခုအခါ အဆိုပါ တံတားသစ်ကို အသုံးပြု၍ ခွင့်ပြုတန်ချိန် ၂၀ ရှိ ယာဉ်များ အချိန်အခါရာသီမရွေး ဖြတ်သန်းသွားလာနိုင်လျက်ရှိသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် တံတားများအနက် ၁၅ စင်းမြောက် တံတားဖြစ်သည်။ မြောင်းချောင်းတံတား တည်ဆောက်ဖွင့်လှစ် နိုင်သည့်အတွက် မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေး ကားလမ်းအတိုင်း ချင်းပြည်နယ်မြောက်ဘက်ပိုင်းနှင့် တမူးမြို့သို့ လွယ်ကူစွာ သွားလာနိုင်လျက်ရှိရာ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာပြီး စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုတစ်ဝန်း၌ မြောင်းချောင်းတံတားအပါအဝင် ပေ၁၈၀အထက် မြစ်ကူး၊ ချောင်းကူးတံတား ပေါင်း ၂၃၆ စင်းကို တည်ဆောက်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသား ပြည်သူများ ဆက်သွယ်သွားလာမှုကို အကျိုးပြုလျက်ရှိသည်။

စစ်ကိုင်းတိုင်းသည် စိုက်ပျိုးမြေ ကျယ်ပြန့်စွာရှိပြီး စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသော ဒေသဖြစ်ရာ ဆည်တမံ၊လမ်း၊ တံတားများစွာ တိုးချဲ့တည်ဆောက်ပေးမှုများနှင့်အတူ စီးပွားရေး တိုးတက်မြင့်မားပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပိုမိုတိုးတက် မြင့်မားလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်း မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်းများမွေးမြူထားမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်းများမွေးမြူထားမှု၊ ကူးစက်ရောဂါ ကာကွယ်ဆေးထိုး၍ မြင်းများကို ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု၊ မြင်းများကို မြွေဆိပ်ဖြေဆေးထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်နိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကျန်းမာရေးလုပ်ငန်းများ အတွက် မြွေဆိပ်ဖြေဆေးများ ဖြည့်ဆည်း ထုတ်လုပ်နိုင်ရန် မြင်းများကို ကူးစက်ရောဂါ ကာကွယ်ဆေးထိုး၍ စနစ်တကျ မွေးမြူရေး၊ မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှု အဆင့်ဆင့်ကိုအလေးထားဂရုပြုဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကြက်ဥမှ မြွေပွေးအဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ် သုတေသနပြုလုပ်လျက်ရှိသော အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်း လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၌ ကြက်ဥမှ မြွေပွေးအဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ် သုတေသနပြုလုပ်လျက်ရှိပြီး လူတွင် အသုံးပြုနိုင်သည့် အဆင့်ဖြေဆေးများ ရရှိရေးကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၌ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန် မြင်းများမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၈)နှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၈)သင်တန်းဆင်းပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနသင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၀ တို့ တက်ရောက်ကြပြီး ဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပရာ Grade 4-B မှဒုတိယဆုရရှိသူ မောင်မျိုးလင်းခိုင် အား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၈) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၃၀

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၈)ကို ဩဂုတ် ၂၉ ရက်က ထုတ်ဝေလိုက်ပြီဖြစ်ရာ အဆိုပါဂျာနယ်တွင် အာရှဖြတ်ကျော်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် မြန်မာနိုင်ငံ အလားအလာ၊ ပေကျင်းအိုလံပစ်ပွဲတော်မှထပ်ဆင့် ရရှိခဲ့သည့် မြန်မာနှင့်တရုတ်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေးတိုးတက်မှု၊ မြန်မာ့အလှတစ်ကွက် စောင်းတစ်လက်၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာအပြုသဘောဆောင်နိုင်ပါစေ သတင်းဆောင်းပါးများ အပြင် မြန်မာ့ပဲ၊ သစ်နှင့် ငါးများကို ကူဝိတ်က တိုက်ရိုက်ဝယ်မည်၊ (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက လက်ခံကျင်းပမည်စသည့် ပြည်တွင်းပြည်ပသတင်းများ၊ သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီးဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁- ၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် မွန်းလွဲ ၂နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က ကျေးရွာ/ ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းတွင် ပထမရရှိသူ သုံးခွရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေး ဒေါ်မိုးမိုးခိုင်အား ဆုချီးမြှင့်သည်။ (မြို့နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တောင်ကြီးမြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် စံပြကျောင်းဆုပေးပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျောင်းကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော တောင်ကြီးမြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် စံပြကျောင်းဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အထက(၁)ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရာပြည့် တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းကျန်းမာရေး လုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ငှက်ဖျား အထူးကုဆရာဝန်ကြီး ဦးအောင်နိုင်ချို က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပညာရေးမှူးဦးမြထွတ်က ပညာရေးဝန်ထမ်းများ၏ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၏ ကျောင်းကျန်းမာရေး စံပြကျောင်းဆု အမြင့်ဆုံးရရှိသော တောင်ကြီး အထက(၁)နှင့် အလက(၅) ကျောင်းအုပ်ကြီးများအား တိုင်းမှူးက ဂုဏ်ပြုဒိုင်းဆု၊ ငွေသားဆုနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ပြီး ကျန်အဆင့်လိုက် ဆုရသော ထက်၊ လယ်၊ မူလတန်း ကျောင်းပေါင်း ၆၀ ကျော်ကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကာ ကျောင်းကျန်းမာရေး သီတင်းပတ် ဖြစ်မြောက်ရေးအတွက် ကူညီလှူဒါန်းကြသူများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် ငှက်ဖျားရောဂါတိုက် ဖျက်ရေးအဖွဲ့က ခြင်ထောင်ဆေးစိမ် သုံးစွဲခြင်း လုပ်ငန်းသရုပ်ပြနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးလေ့ကျင့် စဉ် (၁၀)ချက်၊ ကဗျာသီဆိုဖျော်ဖြေခြင်း၊ ခြင် အန္တရာယ်တို့ကာကွယ် ကဗျာသရုပ်ဖော် ကပြမှုများဖြင့် တင်ဆက်ကာ ဧည့်သည်တော်များက ကျောင်း အတွင်းသန့်ရှင်းရေး၊ မုန့်ဆိုင်၊ စားသောက်ဆိုင်များ သန့်ရှင်းစွာ ရောင်းချမှုများကို လိုက်လံကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၁၀ နာရီခွဲတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး၊ ပညာရေး ဝန်ထမ်းများသည် တောင်ကြီးမြို့ အမှတ်(၆)အမကမူလတန်း ကလေးများအား အာဟာရကျွေးခြင်းနှင့် တောင်ကြီးမြို့ အထက(၂) ကျောင်းဝင်း၌ မြို့မိ မြို့ဖနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စည်ပင်ဝန်ထမ်းများ ပူးပေါင်းကာ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး၊ ခြင်မပေါက်ပွားရေး ဆေးဖျန်းကိရိယာဖြင့် ကာကွယ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကာ ကျောင်းကျန်းမာရေးအဖွဲ့များက ကလေးများကို သွား၊ ခံတွင်းနှင့် အထွေထွေကျန်းမာရေး စစ်ဆေးခြင်း၊ သက်ဆိုင်ရာဆေးများ တိုက်ကျွေးခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(၃၀၅)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းကျန်းမာရေးစံပြ အမြင့်ဆုံးဆုရ တောင်ကြီး အထက(၁)အား ဆုငွေ၊ ဒိုင်းဆုနှင့် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (၃၀၅)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပန်းအိုးအလှထိုးနည်းနှင့် ပန်းပွင့်၊ ပန်းခိုင်များပြုလုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပန်းအိုးအလှထိုးနည်းနှင့် ပန်းပွင့်၊ ပန်းခိုင်များ ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က သင်တန်းဆင်း အမှာစကားပြောကြားကာ ဆုရရှိသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပန်းအိုးအလှထိုးနည်းနှင့် ပန်းပွင့်၊ ပန်းခိုင်များ ပြုလုပ်နည်း သင်တန်းဆင်းပွဲတွင် ပြုလုပ်ထားသော ပန်းအိုး၊ ပန်းပွင့်၊ ပန်းခိုင်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၃၀

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ "စက်ရုံအလုပ်ရုံ ကြီးကြပ်မှုသင်တန်း အမှတ်စဉ်(၁၀)ဆင်းပွဲ"နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ဦးစီးဖွင့်လှစ်သော "အရည်အသွေးထိန်းချုပ်ခြင်း သင်တန်း"ဖွင့်ပွဲကို ဩဂုတ် ၂၇ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံစက်မှုနည်း ပညာသင်တန်းဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းကျောင်းအုပ်ကြီးနှင့်ကော်မတီဝင်များ၊ သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင် **(အောက်ပုံ)**က နှုတ်ခွန်းဆက်စကား ပြောကြားကာ တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းက သင်တန်းဆင်းလက်မှတ်ပေးအပ်ကြောင်းသိရသည်။ (ကြေးမုံ)

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၁၉)ထွက်ပြီ

ရန်ကုန် ဩဂုတ် ၃၀

အဆိုပါဂျာနယ်တွင် ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီးလင်းပြီ၊ ပျဉ်ညောင် ဘိလပ်မြေစက်ရုံမှ ၂၀၀၉ ဧပြီတွင် ဘိလပ်မြေစတင်ထုတ်မည်၊ အင်းများ၊ တင်ဒါလုပ်ငန်းများ ကိုးလပိုင်းမှ စတင်လုပ်ခွင့်ရမည်၊ လိုင်စင်ခွန်လည်း ရာခိုင်နှုန်း ၅၀ အထိ လျှော့ချမည်၊ ရန်ကုန်မြို့တော်စည်ပင်က ရေလိုအပ်သော မြို့နယ်များကို အကြွေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်၊ ရန်ကုန်မြို့ ကုန်စည်ဒိုင်များသို့ အခြေခံစားကုန်များ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေျးနှုန်းကျဆင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့် (၁၅)နှစ်ပြည့် ဂုဏ်ပြုဆောင်းပါးနှင့်သတင်းများအပါအဝင် လေဘေးသင့်ဒေသနေ ပြည်သူများအတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည့် သတင်းများနှင့်အတူ သပြုကုန်းရွာ သာပါစမေး၊ သဘာဝမိုးလေဝသ ခန့်မှန်းသူများ၊ ဒုက္ခမီးမုန်တိုင်းနှင့် လမင်းဗိမာန်၊ ငလျင်အဘယ်ကြောင့် လှုပ်သနည်း အစရှိသည့် သတင်းဆောင်းပါးများ ပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အမှတ်-၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အာဖဂန်တောင်ပိုင်းတွင် စစ်သွေးကြွ ၁၀၀ ကျော်သေဆုံး

ကဘူး ဩဂုတ် ၂၉

အာဖဂန် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (အေအန်အက်စ်အက်ဖ်)နှင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့တို့သည် အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန်းပြည်နယ်တွင် စစ်ဆင်ရေးပူးပေါင်းဆင်နွဲရာ သူပုန် ၁၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့၏ ကြာသပတေးနေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုပူးပေါင်း စစ်ဆင်ရေးကို ဩဂုတ် ၂၅ ရက်တွင် စတင်ခဲ့သည်ဟု ကြေညာချက်၌ ဖော်ပြသည်။ ယခုအချိန်အထိ သူပုန် ၁၀၀ ကျော် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ စစ်ဆင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ အေအန်အက်စ်အက်ဖ်မှလည်းကောင်း၊ နိုင်ငံစုံတပ်ဖွဲ့မှလည်းကောင်း၊ အရပ်သားများမှ လည်းကောင်း သေဆုံးခြင်း မရှိဟုကြေညာချက်တွင် ရေးသားထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဖိလစ်ပိုင် တောင်ပိုင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသည့် ဒေသ၌ ကင်းလှည့်နေသော ဖိလစ်ပိုင် စစ်ဘက်ရဟတ်ယာဉ် တစ်စင်းကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပနားမားတွင် ရေကြီးမှုကြောင့် ပြည်သူ ၈၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

ပနားမား ဩဂုတ် ၂၉

ပနားမားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၄နာရီအတွင်းမှာပင် လူပေါင်း ၈၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အမျိုးသားစီမံကိန်းနှင့် ကာကွယ်စောင့်ရှောက်ရေးဌာနမှ ညွှန်ကြားရေးမှူး လူးဝစ်ဖရန့်စစ္စကိုဆူရီက အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ရေကြီးမှုကြောင့် ပနားမားမြို့အရှေ့ဘက်ရှိ ဆန်မီရူလီတိုဒေသ၊ လက်စ်ကမ်ဘရိစ်ဒေသ၊ ချီလီဘရီဒေသနှင့် ဂျူအင်န်ဒစ်အက်ဇ်ဒေသများတွင် အိမ်ခြေ ၁၇၀ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖြစ်စဉ်ကြောင့် အိမ်နှစ်လုံး ရေစီးနှင့် မျောပါဆုံးရှုံးခဲ့ရသည့်အပြင် ပျောက်ဆုံးသူဦးရေကိုလည်း အတိအကျ မှတ်တမ်းတင်နိုင်မှုမရှိသေးကြောင်းနှင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အိမ်ထောင်ပရိဘောဂများ၊ အခြားအိုးခွက်ပစ္စည်းများကို အစိုးရနှင့် အခြားလူမှုရေးအဖွဲ့အစည်းများက လုံလောက် စွာဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း မိုးသည်းထန်သဖြင့် မြစ်ချောင်းများမှရေများ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ကာ မြင့်တက်ခဲ့သဖြင့် ပနားမားမြို့အနှံ့ ယာဉ်သွားလာမှုများ ရပ်ဆိုင်းခြင်း၊ နေအိမ်များရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပီရူး၌ ကိုကင်းကီလို ၇၀၀ဖမ်းမိ

လီမာ ဩဂုတ် ၂၉

ပီရူးနိုင်ငံ အနောက်ဘက်ကမ်းခြေဒေသ စစ်ဆင်ရေး၌ ကိုကင်း ကီလို ၇၀၀ကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ဩဂုတ် ၂၈ရက်တွင် ဖမ်းဆီးရမိကြောင်း ပီရူးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

မြို့တော်လီမာ အနောက်ဘက် ၁၀ကီလိုမီတာခန့်အကွာရှိ ပီရူးနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်း ကယ်လ်လာယိုတွင် စစ်ဆင်ရေး ပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ မူးယစ်ဆေးဝါးများကို ကုန်သေတ္တာအချို့၌ သိုဝှက်ယူလာစဉ် ရှာဖွေတွေ့ရှိခဲ့သည်။

ထိုစစ်ဆင်ရေးအတွင်း မူးယစ်မှောင်ခိုဟု သံသယရှိသူ နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ မက္ကဆီကိုနိုင်ငံမှ တစ်ဆင့် ပီရူးနိုင်ငံ ကယ်လ်လာယိုဆိပ်ကမ်း၊ ၎င်းမှ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ မူးယစ်ဆေးဝါးများကို သင်္ဘောဖြင့် ပို့ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နှစ်စဉ် ကိုကင်း တန် ၃၀၀ ခန့်ထွက်ရှိသော တောင်အမေရိကရှိ ပီရူးနိုင်ငံသည် ကိုလံဘီယာနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး မူးယစ်ဆေးဝါးထုတ်လုပ်သော နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဝက်စ်နိုင်း ဗိုင်းရပ်စ်ပိုးကြောင့် ကယ်လီဖိုးနီးယား၌ တစ်ဦးသေဆုံး

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဝက်စ်နိုင်းဗိုင်းရပ်စ်ရောဂါပိုး ပျံ့နှံ့လျက်ရှိရာ အသက် ၇၂နှစ်ရှိ အမျိုးသမီး တစ်ဦးမှာ ပထမဆုံးသေဆုံးရသူဖြစ်ကြောင်း အာဏာပိုင်များက ဩဂုတ်၂၅ရက်တွင် ထုတ်ပြန်သည်။

အဆိုပါအမျိုးသမီးသည် ဝက်စ်နိုင်းဗိုင်းရပ်စ်ကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခုနှစ်၌ ပထမဆုံး သေဆုံးရသူဖြစ်ကြောင်း၊ ၎င်းသည် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း အောရိန်းခရိုင်တွင် ဆေးရုံတက်ရောက်နေပြီး ယခုလအစောပိုင်းက သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်သူ့ကျန်းမာရေးဌာနက ဖော်ပြသည်။

ထိုရောဂါသည် ခြင်ကိုက်ခံရရာမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်သည်။ လေးနှစ်တာကာလတွင် အဆိုပါ ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှု အန္တရာယ်သည် အမြင့်ဆုံးသို့တက်လာသည်ကို တွေ့ရပြီး စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သည်ဟု ကျန်းမာရေးဌာန တာဝန်ရှိသူများက သတိပေးထားသည်။

အောရိန်းခရိုင်တွင် ဝက်စ်နိုင်းဗိုင်းရပ်စ်ရောဂါပိုးကြောင့် သေဆုံးသူမှာ ၂၀၀၄ ခုနှစ်ကတည်းက တစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်တစ်ဝန်း၌ ၂၀၀၈ခုနှစ်တွင် ဝက်စ်နိုင်းဗိုင်းရပ်စ်ရောဂါပိုးအကူးစက်ခံရသည့် လက္ခဏာရှိသူ ၉၇ ဦး အပါအဝင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၁၂ဦး ရှိကြောင်း သိရသည်။ အောရိန်းခရိုင်တွင် ထိုရောဂါလက္ခဏာရှိသူ ၂၆ဦးရှိပြီး လေးဦးမှာ သွေးလျူဒါန်းခဲ့ရာမှ ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း၊ သို့သော် ထိုရောဂါလက္ခဏာဝေဒနာခံစားရခြင်း မရှိကြောင်း သတင်း၌ဖော်ပြထားသည်။ ***အင်တာနက်။***

တိဗက်တွင် မြေငလျင်လှုပ်၊ အပျက်အစီးမရှိဟုဆို

လာဆာ ဩဂုတ် ၃၀

တိဗက်ဒေသ ဇောင်ဘာခရိုင်တွင် ၆ ဒသမ ၈ ရစ်ချ်တာစကေးပြင်းအားရှိသော ငလျင်လှုပ်ခတ်သွားကြောင်း၊ ယခုအချိန်အထိ အပျက်အစီးနှင့် ပတ်သက်သော သတင်းများမရရှိသေးကြောင်း စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် စူးကွမ်က စနေနေ့တွင် ပြောကြားသည်။

တိဗက် မြေငလျင် ဗဟိုဌာနအကြီးအကဲ စူးကွမ်က မြေငလျင်လှုပ်ရာဗဟိုချက်ကို ဆက်လက်လေ့လာလျက်ရှိရာ မြေမျက်နှာပြင်အပေါ်ယံ မြေလွှာတွင်ကြီးမားသော အက်ကြောင်းကြီးတစ်ခု တွေ့ရသည်ဟုဆိုသည်။

မြေငလျင်ကြောင့် ကျောက်တောင်များ ပြိုကွဲကျရာ လမ်းများပေါ်တွင် ကျရောက်ပိတ်ဆို့လျက်ရှိသည့်အတွက် စစ်ဆေးရေးအဖွဲ့သည် အချို့ကျေးရွာများသို့ သွားရောက်ရန် အခက်အခဲကြုံတွေ့နေရကြောင်း စူးက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားသည်။

သဘာဝဘေးအန္တရာယ် အရေးပေါ်ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူ ကျို့ချန်းမင်းက မြေငလျင်ဒဏ်ကြောင့် ကြီးမားစွာအပျက်အစီးမရှိဟုပြောသည်။ မြေငလျင်ပညာရှင်များသည် မြေငလျင်ဗဟိုချက်၌ တောင်မြောက် ၁၀ ကီလိုမီတာ ရှည်သော အက်ကြောင်းကြီးတစ်ခုကို တွေ့ရသည်ဟု ဆိုသည်။ ***အမ်အန်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ ဆေးရုံတွင် အပန်းဖြေရေလွှာလျှောစီးနေသော မသန်စွမ်း လူနာတစ်ဦးအား ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက်ဆီဒိုးနီးယားနိုင်ငံ စကောပ်ဂျီမြို့အနီးတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မစ္စစ္စပီ၌စက်ရုံကို ဝင်ရောက်စီးနင်း ပြည်ပလုပ်သား ၆၀၀ခန့် ထိန်းသိမ်းခံရ

လာရယ်(မစ္စ) ဩဂုတ် ၂၉

ပြည်ပအလုပ်သမားများ အများဆုံး အလုပ်လုပ်နေသည့် နေရာသို့ ဝင်ရောက်ဖမ်းဆီးမှုသည် အမေရိကန်နိုင်ငံတွင် နာမည်ကျော်သွားကြောင်း၊ မစ္စစ္စပီမြို့တောင်ပိုင်းတွင် နေထိုင်လျက်ရှိသော စပိန်နှင့် စပိန်-ပေါ်တူဂီမိသားစုဝင်များအကြားတွင် ထိုဖြစ်ရပ်သည် စိတ်ချောက်ချားဖွယ်ဖြစ်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသူဟု သင်္ကာမကင်းဖြစ်သူ စက်ရုံလုပ်သား ၆၀၀ ကို ဗဟိုအဖွဲ့များက ဝိုင်းရံပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၎င်းတို့ကို လွန်ခဲ့သော နှစ်များကတည်းက စတင်စုံစမ်းနေသောအဖွဲ့မှ သတင်းပေးချက်အရ တရားမဝင် ပြည်ပလုပ်သားများကို ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ဗဟိုအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

လူသားချင်းစာနာထောက်ထားသည့် အကြောင်းပြချက်များဖြင့်ထိန်းသိမ်းထားသူ ပြည်ပအလုပ်သမား ၅၉၅ ဦး အနက် တစ်ရာခန့်ကိုပြန်လည်လွှတ်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

အာဆီယံ၊ ဩစတြေးလျနှင့် နယူးဇီလန် လွတ်လပ်စွာကုန်သွယ်ရန် သဘောတူညီ

ကင်ဘာရာ ဩဂုတ် ၃၀

နိုင်ငံပေါင်း ၁၀ နိုင်ငံ ပါဝင်သော အာဆီယံအဖွဲ့၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် လွတ်လပ်စွာ ကုန်သွယ်ရေးဆောင်ရွက်ရန် သဘောတူညီလိုက်ကြပြီ ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲတွင် မအောင်မမြင်ဖြစ်နေချိန်၌ ယခုကဲ့သို့ အာဆီယံအဖွဲ့နှင့် နယူးဇီလန်၊ ဩစတြေးလျတို့ ကုန်သွယ်ရေးသဘောတူညီမှုရရှိလိုက်သည့်အတွက်အသက်ရှူ ချောင်စေသည့် သဘောတူညီချက်ပင်ဖြစ်သည်ဟု ဩစတြေးလျ အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်ကို ယခုနှစ်ကုန်ပိုင်းတွင် အာဆီယံအဖွဲ့ ခေါင်းဆောင်များက လက်မှတ်ထိုးကြမည်ဟု မျှော်လင့်ရသည်။ ထိုအခါ စုစုပေါင်း လူဦးရေအားဖြင့် သန်း ၅၇၀ ရှိသော ၁၂ နိုင်ငံ ပါဝင်သည့် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေကို ထူထောင်နိုင်မည်ဖြစ်သည်။ ထိုကုန်သွယ်ရေးနယ်မြေ၏ စုစုပေါင်း စီးပွားရေးအင်အားသည် အမေရိကန်ဒေါ်လာသန်းပေါင်း နှစ်ထရီလီယံ ရှိသည်ဟု ဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန် ဆွေးနွေးကြရာ၌ သက်ဆိုင်ရာနိုင်ငံများရှိ လယ်သမားများအပေါ် အကာအကွယ်ပေးအထောက်အပံ့ပြုထားသောမူဝါဒများနှင့်ပတ်သက်၍ ညှိနှိုင်းမရခြင်းနှင့် စက်မှုထွက်ကုန်များနှင့် ပတ်သက်၍ သဘောတူညီမှု မရရှိခဲ့သဖြင့် ထိုဆွေးနွေးပွဲ ပျက်ပြားသွားရခြင်းဖြစ်သည်။ အာဆီယံအဖွဲ့နှင့် ဩစတြေးလျ၊ နယူးဇီလန်တို့ ကုန်သွယ်ရေးသဘောတူညီမှု ရလိုက်သဖြင့် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများ၏ ထွက်ကုန်များအတွက် အာဆီယံဈေးကွက် ပွင့်သွားမည်ဖြစ်သည်။ ထို့ပြင်အာဆီယံနိုင်ငံများမှ ထုတ်လုပ်သော အဝတ်အထည်များ၊ဖိနပ်အမျိုးမျိုးနှင့် မော်တော်ယာဉ်များအတွက် ဈေးကွက်အသစ် ရရှိလာမည် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရီပတ်ဘလီကန်သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ဒုတိယသမ္မတလောင်း အလာစကာပြည်နယ် အုပ်ချုပ်ရေးမှူး ဆာရာပါလင်တို့အား အိုဟိုင်ယိုးပြည်နယ် ဒေတန်မြို့တွင် ပြုလုပ်သော မဲဆွယ်ပွဲ၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားက ဖိလစ်ပိုင်၌ ငြိမ်းချမ်းရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်မည်

ကွာလာလမ်ပူ ဩဂုတ် ၃၀

ဖိလစ်ပိုင် အာဏာပိုင်များနှင့် သောင်းကျန်းသူများအကြား ငြိမ်းချမ်းရေးညှိနှိုင်းပေးနေသော မလေးရှားနိုင်ငံ၏ ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မလေးရှားအစိုးရပိုင်းက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

မလေးရှားအစိုးရထံသို့ အပြည်ပြည်ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုစောင့်ကြည့် ထိန်းသိမ်းရေးအဖွဲ့ စေလွှတ်ပေးရန် ဖိလစ်ပိုင်အစိုးရက မေတ္တာရပ်ခံခဲ့သည်ကို မလေးရှားအစိုးရက သဘောတူညီကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အဲဘတ်စ်လေယာဉ် ဆီးရီးယားသို့ ရောင်းချရေးအစီအစဉ် အမေရိကန်၏ ပိတ်ဆို့မှုကြောင့် ပျက်ပြားသွားနိုင်

ဒမတ်စကပ် ဩဂုတ် ၃၀

ဆီးရီးယားနိုင်ငံသည် အဲဘတ်စ်လေယာဉ်ကုမ္ပဏီထံမှ ဒေါ်လာဘီလီယံသန်းပေါင်းများစွာ တန်သော လေယာဉ်များကို ဝယ်ယူရန်ညှိနှိုင်းလျက်ရှိသည်။ အမေရိကန်က ဆီးရီးယားကို ပိတ်ဆို့သပိတ်မှောက်ရန် ဆောင်ရွက်နေသောလုပ်ရပ်ကြောင့် အထက်ပါ လေယာဉ်အရောင်းအဝယ်ကိစ္စမှာ ပျက်ပြားသွားနိုင်ကြောင်း ဆွေးနွေးပွဲနှင့် နီးစပ်သည့် သတင်းအသိုင်းအဝိုင်းက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်ကြား ကာလအတွင်း အဲဘတ်စ်ကုမ္ပဏီထံမှ လေယာဉ် ၅၄ စင်း ဝယ်ယူရန် အစီအစဉ်ရှိသည်။ယင်းကိစ္စဆောင်ရွက်ရန် အရှေ့အလယ်ပိုင်း အဲဘတ်စ်ကုမ္ပဏီဥက္ကဋ္ဌ ဟာဘစ်ဖိခ်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့သို့ရောက်လျက်ရှိသည်။ ထိုလေယာဉ်များ ဝယ်ယူပြီးပါက ဆီးရီးယားနိုင်ငံ၏ လေကြောင်းလိုင်းကို အင်အားဖြည့်တင်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။

အဲဘတ်စ်လေယာဉ်များသည် အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော ပစ္စည်းအစိတ်အပိုင်းများကို အသုံးပြုထားသည်။ အကယ်၍သာ ထိုအမျိုးအစား လေယာဉ်များကို ဆီးရီးယားသို့ ရောင်းချမည်ဆိုလျှင် အမေရိကန်၏ ဆီးရီးယားအပေါ် ကျင့်သုံးမည့်သပိတ်ကြောင့် လေယာဉ်အရောင်းအဝယ်ကို ထိခိုက်နိုင်မည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဂျီယာက ရုရှားနှင့် သံတမန်အဆက်အသွယ်ဖြတ်မည်ဟုဆို

တီဘီလီစီ ဩဂုတ် ၃၀

ဂျော်ဂျီယာနိုင်ငံက ၎င်း၏ ပိုင်နက်နယ်မြေတွင် ရုရှားတပ်ဖွဲ့များ ရှိနေခြင်းကို ကန့်ကွက်သောအားဖြင့် မော်စကိုနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်မည်ဟု သောကြာနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံက ယင်းအပြုအမူကို ကန့်ကွက်လိုက်ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို အကျိုးရှိမည် မဟုတ်ဟု ဆိုသည်။

ဂျော်ဂျီယာက မော်စကိုတွင် ဖွင့်ထားသော ၎င်း၏သံရုံးမှ ကျန်ရှိနေသေးသော သံတမန်များကို စနေနေ့တွင် ခေါ်ယူမည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး နာတိုရှီကို ဗာနီက ပြောကြားသည်။

ဂျော်ဂျီယာပါလီမန်က ရုရှားနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ရန် ကြာသပတေးနေ့ နှောင်းပိုင်းတွင် တညီတညွတ်တည်းမဲပေးဆုံးဖြတ်ချက်ချခဲ့သည်။

ရုရှားနိုင်ငံက ထိုဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့သည်။ တီဘီလီစီနှင့်သံတမန်ဆက်ဆံရေးဖြတ်ခြင်းသည် မော်စကို၏ ရွေးချယ်မှုမဟုတ်ကြောင်း၊ တီဘီလီစီ၏ တာဝန်သာဖြစ်ကြောင်း အီတာတာ့စ်သတင်းဌာန၏ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူ အန်းဒရေနက်စ်တီရင်းကို၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

သံတမန်ဆက်ဆံရေး ပြတ်တောက်သွားလျှင် ဂျော်ဂျီယာ၌ ဖွင့်ထားသော ရုရှားသံရုံးကို ပိတ်ပစ်ရမည်ဖြစ်သည်ဟု အမည်မဖော်လိုသူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားခြင်းကို အာအိုင်အေ-နိုဗက်စ်တီက ကိုးကားဖော်ပြသည်။

နှစ်နိုင်ငံစလုံးမှ ကောင်စစ်ဝန်ရုံးများမှာမူ ဆက်လက်ဖွင့်ထားမည် ဖြစ်သည်။ ***အင်တာနက်။***

ခေါင်းဖြတ် သတ်ထားသည့် အလောင်း ၁၂ လောင်း မက္ကဆီကို၌ တွေ့ရှိ

မာရီဒါ(မက္ကဆီကို) ဩဂုတ် ၃၀

မက္ကဆီကိုနိုင်ငံ ယူကာတင်ကျွန်းဆွယ်တောင်ပိုင်း မြို့ပြင်သုသာန်အနီး၌ ဩဂုတ် ၂၈ ရက်က ခေါင်းဖြတ် သတ်ထားသည့် အလောင်း ၁၁လောင်းကိုတွေ့ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၁၂ လောင်းမြောက် ခေါင်းဖြတ်ထားသည့် အလောင်းကို မာရီဒါမြို့ အရှေ့ဘက်ရှိ မြို့ငယ်တစ်ခုမှ ကီလိုမီတာ ၈၀ အကွာတွင် တွေ့ရှိသည်။ ၂၀၀၆ခုနှစ်က မီချိုအာကင်ပြည်နယ် ညကပွဲရုံမြေညီထပ်အတွင်း ခေါင်းဖြတ်သတ်မှု ဖြစ်ပွားချိန်နောက်ပိုင်း မူးယစ်မှောင်ခိုများ မက္ကဆီကိုနိုင်ငံတွင် အစုလိုက်၊ အပြုံလိုက် ခေါင်းဖြတ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ စီးပွားရေးအချက်အချာဒေသ ပက်တပ်ချ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးအချို့ကို ဩဂုတ် ၃၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

သီရိလင်္ကာနိုင်ငံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၄၅ ဦး ဒဏ်ရာရရှိ

ကိုလံဘို ဩဂုတ် ၃၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အရောင်းအဝယ်စည်ကားရာ နေရာတစ်ခု၌ ဩဂုတ် ၃၀ ရက်က ဗုံးတစ်လုံးပြင်းထန်စွာ ပေါက်ကွဲခြင်းကြောင့် လူ၄၅ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒဏ်ရာရရှိသူများတွင် အမျိုးသမီးလေးဦးနှင့် ကလေးနှစ်ဦးပါရှိသည်။

ပိတ်ဆို့ ဝိုင်းရံ

နိုင်ငံမြောက်ဘက်တွင် တမီးလ်ကျားသူပုန်များကို အစိုးရတပ်ဖွဲ့များက အဓိကထိုးစစ်များ ပြုလုပ်မှုကြောင့် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားလာသည်။ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာဒေသကို ရဲတပ်ဖွဲ့များက ပိတ်ဆို့ဝိုင်းရံထားသည်။

ယင်းဗုံးပေါက်ကွဲမှုသည် မည်သူ့လက်ချက်ဖြစ်သည်ကို ချက်ချင်း မသိရသေးကြောင်း၊ ရဲတပ်ဖွဲ့နှင့် စစ်ဘက်တာဝန်ရှိသူများက တမီးလ်ကျားသူပုန်များကို သံသယရှိကြောင်း ပြောကြားသည်။

၁၉ဦးသေဆုံး

ဩဂုတ် ၂၉ ရက်က နိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများ ဖြစ်ပွားရာ သူပုန် ၁၈ ဦးနှင့်တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်တာနက်။



အီတလီနိုင်ငံ ဗင်းနစ်ရုပ်ရှင်ပွဲတော်သို့တက်ရောက်လာကြသော အမေရိကန် ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်စ်(ဝဲ)၊ ပေါ်တူဂီမင်းသား ဂျိုအာကွင်းဒီးအယ်လ်ဖိုင်ဒါ၊ တောင်အာဖရိကမင်းသမီး ချာလိုက်သီရွန်၊ မက္ကဆီကန်ဒါရိုက်တာ ဂွီလာမိုအာရီယာဂါ၊ အမေရိကန်မင်းသား ဂျေဒီပါဒို နှင့် မက္ကဆီကန် မင်းသား ဂျို့စ်မာရီယာယပ်စ်ပစ်တို့အားဩဂုတ် ၂၉ရက်က အတူတကွတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပြည့်နေပြီ

လေ့လာသူတစ်ဦး

ယနေ့ကာလသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ ပန်းဝင်ရန် နီးကပ်လာသော ကာလဖြစ်သည်။ နိုင်ငံတော်အား တပ်မတော်က တာဝန်ယူအုပ်ချုပ်နေခြင်းမှ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းရန် လက်တစ်ကမ်း (နှစ်နှစ်တာမျှကာလ) သို့ ရောက်ရှိနေလေပြီ။

ဤအခြေအနေ၊ ယခုအနေအထားမျိုးသို့ ရောက်ရှိစေရန် နှစ်ပေါင်းများစွာအချိန်ယူတည်ဆောက်ခဲ့ရသည်။ အခက်အခဲ၊ အကျပ်အတည်းအမျိုးမျိုး၊ ဟန့်တားပိတ်ဆို့ နှောင့်ယှက်မှု အဖုံဖုံကြားမှ ရုန်းကန်ကျော်လွှားခဲ့ရ၍ နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။ ဤအတောအတွင်း ခုရေတွင်းတူး၊ ခုရေကြည်သောက်လိုသည့် ဆန္ဒစွဲသမားများနှင့် ရေကန်အသင့် ကြာအသင့်ဖြစ်အောင် ဖော်ဆောင်ပေးနေသည့် လက်တွေ့ဝါဒီများအကြား ဝိရောဓိများ ရှိလာခဲ့ရသည်။

ပြည်သူလူထု၏ ဆန္ဒအမှန်မှာ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းစေလိုခြင်းဖြစ်သည်။ သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ရသည့်ကြားကာလကို နားလည်လက်ခံသည်။ အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့် တပ်မတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်များကို ပယောဂမဖက်၊ စောဒကမတက်ဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပေသည်။

တပ်မတော်အစိုးရကလည်း ပြည်သူ့ဆန္ဒကို အလေးထားသည်။ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်သည်။ တိုင်းပြည်ကို သစ္စာမဖောက်၊ စိတ်ဓာတ်နှင့်စည်းကမ်းကို ကျောထောက်နောက်ခံပြုပြီး နိုင်ငံတော်သစ်ကို ဦးတည်တည်ဆောက်ခဲ့သည်။ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေး ဦးတည်ချက်(၄)ရပ် အတိအလင်းချမှတ်ပြီး မမှိတ်မသုန်ဖော်ဆောင်ခဲ့သည်။ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်သည် တာထွက်မှန်ကန်၍ လားရာကောင်းခဲ့သည်။ ပြည်တွင်းဆန့်ကျင်ဘက် လှုပ်ရှားသူများကြောင့် လေထန်လှိုင်းသက် ဂယက်ထမှုများရှိခဲ့သည့်တိုင် တညီတညွတ်တည်း ပင်မရေစီး တငြိမ့်ငြိမ့် စီးဆင်းနိုင်စေခဲ့သည်။

ဖော်ပြပါ အကြောင်းအချက်များ၏ ခိုင်လုံမှု သာဓကကို ၂၀၀၈ ခုနှစ် မေလဖြစ်ရပ်များက ဆန်းစစ်ဖော်ပြခဲ့သည်။ ထိုမေလသည် မြန်မာတို့၏ နိုင်ငံရေး ရေချိန်၊ စီးပွားရေးခိုင်လုံမှုနှင့် လူမှုရေးအားမာန်များကို တစ်ပေါင်းတစ်စည်းတည်း ချိန်စက်ပြနိုင်သည့်ကာလဖြစ်သည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဦးတည်ချက်များ၏ ဖော်ဆောင်အောင်မြင်မှုကို သက်သေပြခဲ့သည့်ကာလဟု ဆိုရပေမည်။

နိုင်ငံတော်၏ ပထမဆုံးနိုင်ငံရေး ဦးတည်ချက်အတိုင်း ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုများ ရာနှုန်းပြည့်နီးပါး တည်ဆောက်ထိန်းမတ်ထားနိုင်ခဲ့သည်။အပြန်အလှန်အထောက်အကူပြုသည့် အကျိုးဆက်အဖြစ် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကိုလည်း ရယူမြှင့်တင်နိုင်ခဲ့သည်။ အဆိုပါ အခြေခံအကြောင်းတရားနှစ်ရပ်အပေါ် အခြေတည်ဖော်ဆောင်နိုင်ခဲ့၍လည်း"ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး" ဦးတည်ချက်၏နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီး ကြိုတင်စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုအခါသမယတွင် အသွင်ကူးပြောင်းဆဲ၊ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းနေရဆဲ နိုင်ငံငယ်တစ်ခုအနေဖြင့် လှေ့လှော်တုန်း တက်ကျိုးနိုင်သည့်အဖြစ်ဆိုးနှင့် ပက်ပင်းတိုးခဲ့ရသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် တောင်ဘက်ပိုင်းနှင့် ရန်ကုန်တိုင်းမှ ဒေသအချို့ကို မကြုံစဖူး ဆိုးရွားပြင်းထန်စွာ တိုက်ခတ်ခြေမွသွားခြင်းပင်ဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံတော်တည်ဆောက်ရေး ဝင်ရိုးသာမခိုင်မာပါက ခါးရိုးကျိုးပြီး တောင်မင်း မြောက်မင်း မကယ်နိုင်သည့် အနေအထားမျိုးအထိ ကျရောက်သွားမည်မှာ သေချာလှပေသည်။ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကွင်းဆက်များ ဝန်နှင့်အား မျှခြေညီအောင် ခိုင်မာတောင့်တင်းနေ၍သာ ဤကဲ့သို့ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့ခြင်းဖြစ်သည်။

ဤအခြေအနေသို့ ဆိုက်ရောက်စဉ်မှာပင် ပြည်သူလူထု၏ နိုင်ငံရေး ရေချိန်က မြင့်မားတည်ငြိမ်လှသည်။ မြန်မာတို့သည် အမှောင်ခွင်း၍ အလင်းဆောင်လိုသူများ၊ အဟောင်းပျက်လျှင် အသစ်တီထွင် တည်ဆောက်နိုင်သူများ၊ လှေခွက်ချည်းကျန် အလံမလှဲတတ်သူများပီပီ နိုင်ငံရေးအရ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ထူမတ်နေရသည့် မြို့နယ် ၄၇ မြို့နယ်မှအပ ကျန် ၂၇၈ မြို့နယ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နောက်နှစ်ပတ်အကြာ မေလ ၂၄ ရက်နေ့တွင် ကျန် ၄၇မြို့နယ်ကလည်း အမျိုးသားရေးအောင်ပွဲအဖြစ် ပါဝင်ဆင်နွှဲနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံရေးအရ အရှိန်အဟုန်မပျက် ရှေ့တစ်ဆင့် တက်နိုင်ခဲ့ခြင်းသည် စီးပွားရေးအရ ကျောထောက်နောက်ခံကောင်းနေ၍ ဖြစ်သည်။ လူမှုရေးအရလည်း တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် ပညာရည်မြင့်မားနေမှုကြောင့်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေပြီး အမျိုးသားရေး စရိုက်လက္ခဏာများကို မပျောက်ပျက် မတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်း၏ ရလဒ်ဖြစ်ပေသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဒေသအချို့ ထိခိုက်သွားခဲ့သည်ဟု ဆိုနိုင်သော်လည်း တစ်လမ်းသွားမဟုတ်သော မြန်မာ့စီးပွားရေးက ကျားကန်ပေးထားနိုင်သည်။ မြန်မာ့စီးပွားရေးသည် တစ်ခုပြိုလျှင် အားလုံးလိုက်ပြိုသော စီးပွားရေးစနစ်မျိုး မဟုတ်ပေ။

- **စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားသည်။**
- **ဒေသတစ်ခု၊ နှစ်ခုတည်းကိုသာ မှီခိုအားထားနေရသော စီးပွားရေးဘဝမျိုး မဖြစ်ရအောင် ဒေသစုံ၊ ဘက်စုံ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေး ကဏ္ဍမျိုးစုံကို တစ်ခုနှင့်တစ်ခု အထောက်အကူ အမှီသဟဲပြုနိုင်အောင်ဖော်ဆောင်ထားသည်။**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာအောင် ကျင့်သုံး လုပ်ဆောင်နေသည်။**
- **ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေသည်။ (ပြည်ပနိုင်ငံအချို့မှ စီးပွားရေး၊ ကုန်သွယ်ရေး ပိတ်ဆို့ ဟန့်တားမှုများ ရှိနေသည့်ကြားမှ လုပ်ဆောင်အောင်မြင်နေခြင်းဖြစ်သည်။)**
- **နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် တည်ရှိနေပြီဖြစ်သည်။**
- **ထို့ပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးတည်ဆောက်ရေးလုပ်ငန်းကြီးများ စီမံကိန်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း၊ မြို့ပြများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်ရှည်လများ တည်ဆောက်နေသည့်အတွေ့အကြုံများဖြင့် အောင်မြင်နေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုကိုလည်း တစ်နိုင်ငံလုံး လက်တွေ့အသုံးချနိုင်လျက်ရှိသည်။**

ထို့ကြောင့်လည်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ မဆိုင်းမတွ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုမုန်တိုင်းဒဏ်ခံရသည့် ဒေသအများစုသည် ရှေးခေတ်အဆက်ဆက်က ရေလမ်းခရီးသက်သက်ကိုသာ အမှီပြုအားကိုးခဲ့ရသည့်ဒေသများဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်း၊ တံတားများ လက်ယှက်ထိုး တည်ဆောက်ပေးနိုင်မှု၏ အကျိုးဆက်ကြောင့် ဗိုလ်မြတ်ထွန်းတံတား၊ တွံတေးတံတား၊ ဒေးဒရဲတံတား၊ ဖျာပုံတံတား၊ မအူပင်တံတားနှင့် မြောင်းမြတံတား စသည်တို့မှတစ်ဆင့် ထိုဒေသများသို့ ကုန်းလမ်းခရီးဖြင့် အချိန်မကုန်ဘဲ ဥဒဟိုသွားရောက် ကူညီနိုင်ခဲ့ခြင်းဖြစ်ပေသည်။

မြန်မာ့သမိုင်း၏ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံအရ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်တိုင်းတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများဖြစ်ထွန်းလျက်ရှိသည်။ ယနေ့အသွင်ကူးပြောင်းရေးကာလသည် နိုင်ငံတည်ဆောက်ရေးကာလလည်းဖြစ်ရာ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်များတွင် ရှိနေဆဲဖြစ်သော ယန္တရား၊ လုပ်အားနှင့် ကျွမ်းကျင်မှုများကို မုန်တိုင်းဒဏ်သင့်ဒေသ ကယ်ဆယ်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ တစ်စိတ်တစ်ပိုင်း နေရာရွှေ့ပြောင်း စီမံလုပ်ဆောင်ပေးနိုင်ခဲ့သည်။ ပြည်သူလူထုကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီကြသည်။ တပ်မတော်ကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး ထမ်းဆောင်နေသူများဖြစ်သည်နှင့်အညီ မုန်တိုင်းဒဏ်သင့် ဒေသများသို့ အစောဆုံးရောက်ရှိ ကယ်ဆယ်စောင့်ရှောက်နိုင်ခဲ့သည်။

ယင်းသို့ လူအားဖြင့်သာမက နိုင်ငံတော်က လုံလောက်သော ဘဏ္ဍာငွေကြေးနှင့် စားနပ်ရိက္ခာများကို အဆက်မပြတ် မချို့မငဲ့ ထောက်ပံ့နိုင်ခဲ့သည်။ ဖွံ့ဖြိုးရေးစီမံကိန်းအသီးသီးမှ တည်ဆောက်ရေးအင်အားစုများကလည်း မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီအားဖြည့် တည်ဆောက်ရန် အချိန်မီရွှေ့ပြောင်း ရောက်ရှိလာကြသည်။ လူမှုရေးအသင်းအဖွဲ့ အသီးသီးကလည်း လူသားချင်းစာနာမှု အကူအညီများ စဉ်ဆက်မပြတ်ပေးခဲ့ကြသည်။ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များကလည်း နိုင်ငံနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် လက်မနှေးခဲ့ကြပေ။အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့၏စွမ်းအားရှိသမျှကို ပုံအော၍ ကူညီလှူဒါန်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရက ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ခြင်း၊ တပ်မတော်က ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့မှာ မြန်မာနိုင်ငံတွင် လုပ်ရိုးလုပ်စဉ်သဖွယ် ဖြစ်နေပြီဟု ဆိုရမည်။ ထို့ထက်ပို၍ မုန်တိုင်းဒဏ်သင့်ဒေသ ပြန်လည်တည်ဆောက်မှုများမှာ အံ့မခန်းဟု ဆိုလောက်သည်။ စနစ်ကျသည်။ စည်းကမ်းရှိသည်။ အမြော်အမြင်များစွာ ရှိနေကြောင်း မြင်တွေ့ရုံဖြင့် အကဲဖြတ်နိုင်ပေသည်။

အလွန်အကျိုးများသော ရလဒ်နှစ်ခုမှာ စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အမျိုးသား ကော်ပိုရေးရှင်းကြီးများသဖွယ် ပုံအော၍ ကူညီလုပ်ဆောင်လာခြင်းနှင့် ပြည်သူ့အခြေခံလူထုလူတန်းစား အလွှာပေါင်းစုံကလည်း အရေးကြီးပြီ သွေးစည်းကြစို့ဟု မကြွေးကြော်ဘဲ အိတ်သွန်ဖာမှောက် ပါဝင်ကူညီ လုပ်ဆောင်လာကြခြင်းပင်ဖြစ်သည်။ ယင်းသည် လူမှုရေး အခြေခံအဆောက်အအုံများ ခေတ်စနစ်နှင့်အညီ ကာလလ ရေကြည် သန္ဓေတည်လာရာမှ မွေးဖွားရှင်သန်လာရုံမက လူလားမြောက်စပြုလာသည့် သဘောပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လူထုလူတန်းစား အလွှာအားလုံးသည် ပါတီနိုင်ငံရေးဘက်သို့ မတိမ်းညွတ်တော့ဘဲ အမျိုးသားနိုင်ငံရေးဘက်သို့ တူရှုပြုကာ တိမ်းညွတ်လာခြင်းဟု သုံးသပ်မိသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာဖြစ်စဉ်များ၏ ရိုက်ခတ်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် ရှော့ခ်ဖြစ်ခဲ့ရသည်။ သို့ရာတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က တိုင်းပြည်ကို ရှော့ခ်အဖြစ်မခံ၊ အေးချမ်းညင်သာစွာ တရွေ့ရွေ့ကူးပြောင်းမှုဖြစ်စဉ်ဖြင့် အသွင်ကူးပြောင်းခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ပြည်ပနိုင်ငံကြီး အချို့က မြန်မာ့အရေးကိုရှော့ခ်ရိုက်ပြီး အတင်းပြောင်းလဲရန် အားထုတ်လုပ်ဆောင်ခဲ့ကြပြန်သည်။ သို့သော် ဤရှော့ခ်ရိုက်သွင်းမှုများကိုလည်း မြန်မာတို့ကြံ့ကြံ့ခံ ကျော်လွှားနိုင်ခဲ့ကြသည်။ ယခု နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက မမျှော်လင့်သောထောင့်မှ ရှော့ခ်ဖြစ်အောင် လုပ်လိုက်ပြန်သည်။ သို့သော် ဤသဘာဝဘေးကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က အတွေ့အကြုံ ရင့်ကျက်မှုနှင့် အတွေးအခေါ် ရှင်သန်ထက်မြက်မှုများဖြင့် ညီညာဖြဖြ ကျော်လွှားနိုင်ခဲ့ကြသည်။

ယခုအခါ နိုင်ငံရေးဦးတည်ချက် (၄)ရပ်အနက် စတုတ္ထ ဦးတည်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြရပေဦးမည်။ တစ်ချိန်တည်းမှာပင် ကျန်နိုင်ငံရေး ဦးတည်ချက်သုံးရပ် ပိုမိုခိုင်မာတောင့်တင်းအောင်လည်း ယှဉ်တွဲဆက်စပ် ဖော်ဆောင်ရပေဦးမည်။ ထို့အတူ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ် ပိုမိုပြည့်ဝအောင် မျက်ခြည်ပြတ်မခံဘဲ ဖော်ဆောင်သွားကြရပါဦးမည်။

မြန်မာနိုင်ငံ၏ ယနေ့အခြေအနေမှာ အကောင်းဘက်မှ အပြုသဘောဆောင်နေပြီဖြစ်ရာ ဖန်ခွက်ထဲမှာရေတစ်ဝက်ပြည့်နေသည့် အနေအထားဖြစ်သည်။ လိုနေသော ရေတစ်ဝက်ကို ထပ်ဖြည့်ရန်အတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆက်လက်ကြိုးပမ်းရမည်မှာ ကျွန်တော်တို့ အားလုံး၏ တာဝန်ပင်။ ရေတစ်ဝက်ထပ်ဖြည့်နိုင်သည့် စိတ်ဓာတ်၊ ဉာဏ်ပညာ၊ စေတနာနှင့် စွမ်းပကားအရင်းအမြစ်များကိုလည်း တည်ဆောက်ရရှိထားပြီးဖြစ်သည်ကို လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ၏ ယနေ့အခြေအနေမှာ အကောင်းဘက်မှ အပြုသဘောဆောင်နေပြီဖြစ်ရာ ဖန်ခွက်ထဲမှာရေတစ်ဝက်ပြည့်နေသည့် အနေအထားဖြစ်သည်။ လိုနေသော ရေတစ်ဝက်ကို ထပ်ဖြည့်ရန် အတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆက်လက်ကြိုးပမ်းရမည်မှာ ကျွန်တော်တို့အားလုံး၏ တာဝန်ပင်။

စုပေါင်းမြေသြဇာကြဲပက်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဩဂုတ် ၂၂ ရက်တွင် ကသာခရိုင် ဝန်းသိုမြို့နယ် တဲကုန်းကျေးရွာ ကွင်းအမှတ်(၁၂၆၅)ရှိ တောင်သူ ဦးညိုဝင်း၏ လယ်မြေသုံးဧက၌ ရွှေဘို(၂)၊ မော်ဘီ(၂) နှင့် ဆင်းဧကရီ(၃) စပါးစိုက်ကွင်းများအတွင်း လယ်သမားများ၏ မြေသြဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ လယ်သမားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။
(အပေါ်ပုံ) (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ်(၃၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏' သားရွှေအိုးထမ်းစေချင်သည်လား အလွယ်ကလေး အနီးကလေး'အယ်ဒီတာ့ ဒိုင်ယာရီနှင့်အတူ စစ်တွေတွင် ဂျီအက်စ်အမ်ဖုန်း သုံးနိုင်ပြီ၊ ရေလုပ်ငန်းများပြန်လည်ထူထောင်ရေး ကန်ဒေါ်လာ ၁၆သန်းခန့် ကူညီမည်၊ ပြည်ပပို့ကုန်အမယ်သစ် စမ်းသပ်တင်ပို့လိုသူများ ပံ့ပိုးကူညီပေးသွားမည်၊ ဓာတုအဆိပ်သင့်အန္တရာယ်ပိုများလာ၊ မျက်မမြင်ကျောင်းသားများ အင်တာနက်သုံးနိုင်ပြီ၊ စင်ကာပူတွင် ဟိုတယ်ဝန်ထမ်းများလိုအပ်လာမည် ဖြစ်ရာ အခွင့်အရေးတစ်ရပ်အဖြစ် ရယူနိုင်၊ မွေးကင်းစကလေးကို ပွေ့ဖက်နမ်းရှုပ်ခြင်း မိဘများ သတိပြုရှောင်ရှားသင့်၊ တိုင်းရင်းဆေးဝါးများ သိပ္ပံနည်းကျ ဖော်စပ်ရောင်းချလျှင် ဆေးဝါးအာနိသင် ပိုမိုအစွမ်းထက်နိုင် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ'တစ်ပတ်ထဲမှာပြောစရာ (Quotes of the week)'ကဏ္ဍ၊ မွေးပျံ့သင်းကြိုင် ရနံ့လှိုင်. . . မျက်မှောက်ရေးရာရှုမြင် သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာကြီးကို ခါးစောင်းတင်မည့်အကြံ'အနောက်က စိုးရိမ်ဖွယ်ရာအမှားတွေကို ကျူးလွန်ခဲ့တယ်' ဂျာမနီဝန်ကြီးချုပ်ဟောင်း ဂါဟတ်ရှရိုးဒါးနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ဂေါင်လီ စင်ကာပူနိုင်ငံသူအဖြစ် ခံယူမည်လား ဒွိဟဖြစ်နေ၊မလေးရှားပြည်သူများ၏သွားလာရေး အခက်အခဲကို သိရှိရန် ဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းရထားစီးလေ့လာ၊ အာဆီယံနိုင်ငံများမှ အသက်မွေးဝမ်းကျောင်း ပညာရှင်များ ဒေသတွင်း ပိုမိုလွယ်ကူစွာ အလုပ်လုပ်နိုင်တော့မည်၊ ဂျပန်အိမ်ခြေမဲ့များ အင်တာနက်ကဖေးဆိုင်တွင် အိပ်စက်ကြ၊ အားကစားဝတ်စုံအရောင်များက ဒိုင်လူကြီးအား ဘက်လိုက်မှုဖြစ် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။
(သတင်းစဉ်)

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသအိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၁)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်) အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)နှင့်အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်း တက်ရောက်အမှာစကား ပြောကြားသည်။

အလားတူ ကရင်ပြည်နယ် မြဝတီ၊ မွန်ပြည်နယ် ရေး၊ တနင်္သာရီတိုင်း မြိတ်၊ ကော့သောင်း၊ ရခိုင်ပြည်နယ် မောင်တော၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊မတူပီ၊ ကန်ပက်လက်မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏သင်တန်းဖွင့်ပွဲအခမ်းအနားများကိုလည်း သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီး၌ ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများ အနေဖြင့် သင်တန်းကျောင်းသို့ အသွား၊အပြန်ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန သင်တန်းခန်းမနှင့် ကွန်ပျူတာသင်တန်းခန်းမတို့၌ ဖွင့်လှစ်လျက်ရှိသော စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၈)နှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၈)တို့ကို သွားရောက် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ကို ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆင့်ပွားသင်တန်းကိုကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးထွန်းမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါနှင့် တာဝန်ရှိသူများက စာကြည့်တိုက်နှင့်ပတ်သက်သော ပညာများ၊ စာအုပ်စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာအုပ်ငှားရမ်းခြင်း ပညာရပ်များ၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သင်ကြားပို့ချကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်းများ၊ စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်း အသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ကြိုးမဲ့တယ်လီဖုန်း	၁၉၅၀	Al Gross	အမေရိကန်
၂	ရေဒီယိုဖုန်း	၁၉၀၀	Poulsen	ဒိန်းမတ်
			Fessenden	ကနေဒါ
၃	အဝေးကြည့်မှန်ပြောင်း	၁၆၀၈	Lippershey	နယ်သာလန်
	အဝေးကြည့်မှန်ပြောင်း	၁၆၀၉	Galileo	အီတလီ
၄	နက္ခတ္တဗေဒ အဝေးကြည့်မှန်ပြောင်း	၁၆၁၁	Kepler	ဂျာမနီ
၅	ရောင်စုံရုပ်မြင်သံကြား	၁၉၂၈	Baird	စကော့တလန်
၆	ပြဒါးအပူချိန်တိုင်းကိရိယာ	၁၇၁၄	Fahrenheit	ဂျာမနီ
၇	လေထိုးတာယာ	၁၈၈၈	Dunlop	စကော့တလန်
၈	ရေလောင်းအိမ်သာ(ရေဆွဲ)	၁၅၈၉	Harington	အင်္ဂလန်
၉	အေစီထရန်စဖော်မာ	၁၈၈၅	Stanley	အမေရိကန်
၁၀	ထရန်စစ္စတာ	၁၉၄၇	Shockley, Brattain, Bardeen	အမေရိကန်

(၇၃) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းဦးစီးမှူး ဦးနီတွတ် (မြို့မ) လူမှုထူးချွန်(ဒုတိယဆင့်) **(အပေါ်ပုံ)** သည် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသားသွေးဌာန၌ ဩဂုတ် ၂၀ ရက်က (၇၃)ကြိမ်မြောက် သွေးလှူဒါန်းသည်။

(ကြေးမုံ)

* ရွှေဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်မြောက်ဘက်ရှိ သတ်မှတ်နေရာ ပလ္လင်ထက်၌ ရာဇာယတန လင်းလွန်းပင်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ထန်းပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ရွှေတိဂုံစေတီတော် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပွင့်ရာဇာဓိပင် ၅၄ပင် အပါအဝင် အရိပ်ရ လေကာပင်၊ အလှပင်၊ သီးပင်၊ စားပင်ပေါင်း ၁၅၀၀ ကျော်ကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ပြည်သူ့ ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ပြည်သူ့လွှတ်တော်ဝင်းအတွင်း ကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် မြို့နယ် သနပ္ပင်ကျေးရွာ၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတို့ကို တက်ရောက်အားပေးပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးသည်။

ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း၌ ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ မဟော်ဂနီ၊ ကျွန်း၊ ကညင်၊ မန်ကျည်း၊ တမာနှင့် အင်ကြင်း အပါအဝင် သစ်ပင်ပေါင်း ၃၀၀၀၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ကျွန်း၊ ခရေ၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ စိန်ပန်းနှင့် ပျဉ်းမ အပါအဝင် သစ်ပင်ပေါင်း ၄၆၀၀၊ ပြည်သူ့လွှတ်တော်ဝင်းအတွင်း သစ်ပင်ပေါင်း ၇၀၀ ကျော်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်၌ သစ်ပင်ပေါင်း ၉၀၀ ခန့် စိုက်ပျိုးပေးခဲ့ကြောင်း၊ ယခုနှစ် မိုးရာသီ၌ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း စုစုပေါင်း သစ်ပင် ၃၅၂၀၀ ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း သစ်ပင်ပေါင်း ၄၈၀၀၀ ကျော်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သစ်ပင်ပေါင်း ၂၈၄၀၀၀ ကျော်ကို စိုက်ပျိုး ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ယခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းအတွင်း မုန်တိုင်း တိုက်ခတ်မှုကြောင့် လဲပြိုသွားခဲ့သော သစ်ပင်များနေရာတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ မန်ကျည်း၊ တမာ၊ ထန်းနှင့် ပိတောက်အပါအဝင် အရိပ်ရအပင်နှင့် လေကာပင် စုစုပေါင်း ၆၂၅၀၀၀ ကျော်ကို အစားထိုး စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

စက်မှုသင်တန်းကျောင်း(မန္တလေး) လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

စက်မှုသင်တန်းကျောင်း(မန္တလေး) လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး Mr. Guan Mu တို့က စက်မှုသင်တန်းကျောင်း ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စက်မှုသင်တန်းကျောင်း (မန္တလေး) ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေး ကြသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu တို့ စက်မှုသင်တန်းကျောင်း(မန္တလေး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြစဉ်။ (သတင်းစဉ်)

ထို့နောက် စက်မှုသင်တန်းကျောင်း (မန္တလေး) လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဆက်လက်ကျင်းပ ရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက စက်မှုသင်တန်းကျောင်း (မန္တလေး) ပေါ်ပေါက်လာပုံနှင့် စပ် လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြောကြားရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ် ကြီး Mr. Guan Mu က ဂုဏ်ယူ ဝမ်းမြောက်စကား ပြန်လည်ပြောကြား သည်။

ယင်းနောက် မြန်မာ့မော်တော် ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး သံမှူး Mr. Tang Hai တို့က သင်တန်းကျောင်း လွှဲပြောင်းလက်ခံရေး စာချုပ်များ တွင် လက်မှတ်ရေးထိုးပြီး စာချုပ် များကို အပြန်အလှန် လဲလှယ်ကြ သည်။

ဆက်လက်၍ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းသည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး နှင့် ဧည့်သည်တော်များအား လက် ဆောင်ပစ္စည်းများကို ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ ထို့နောက် ဝန်ကြီးနှင့်ဧည့်သည် များသည် စက်မှုသင်တန်းကျောင်း အတွင်းရှိ စာသင်ဆောင်များနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှု ကြသည်။

ယနေ့ လွှဲပြောင်းလက်ခံဖွင့်လှစ် ခဲ့သည့် စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ပင်မစာသင်ဆောင် တစ်ဆောင်၊ ဓာတ်ခွဲခန်းနှင့် အထူး သင်ကြားရေးဆောင် တစ်ဆောင်၊ လက်တွေ့သင်ကြားရေး အလုပ်ရုံ လေးရုံ၊ သင်တန်းသားများ နားနေ ဆောင် တစ်ဆောင်နှင့် လျှပ်စစ် ဓာတ်အားခွဲရုံ တစ်ရုံတို့ ပါဝင်ပြီး ယင်းသင်တန်းကျောင်းမှ နှစ်စဉ် Fundamental Technical Training Course ကို တစ်နှစ်သင်တန်း အဖြစ် ဘာသာရပ် ခြောက်ခုခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ကာ သင် တန်းကျောင်းမှ နှစ်စဉ် စက်မှုကျွမ်း ကျင်လုပ်သား ၂၀၀ မွေးထုတ် ပေးနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းကျောင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ အကြား အထောက်အကူပေးရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ထောက်ပံ့ပေးငွေ (Grant) ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်မှုသင်တန်း ကျောင်း(မန္တလေး)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှား နိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ်ဆရီ အူတမာ ဒေါက်တာရိုင်း(စ်) ယက်တင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

အလေးမဥပဒေ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အလေးမ ပြိုင်ပွဲများ၌ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များ မှန်ကန်စေရေးနှင့် အလေးမ ပြိုင်ပွဲ လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီ ဖြစ်စေရေးအတွက် အလေးမဥပဒေ ဆွေးနွေးပွဲကို ဩဂုတ် ၂၃ရက်၊ ၂၄ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ နေ့စဉ် မွန်းလွဲ ၁နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များ၊ ဒိုင်လူကြီးများ၊ အလေးမ ကလပ်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အလေးမ အားကစားသမားများ တက်ရောက် ကြသည်။

အကြံပြုဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်လူကြီး အဆင့်(၁) မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများကလည်း အကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အဘိဓမ္မာပဋ္ဌာန်း"တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၀ - ၂း၀၀	Soccer Update
၈း၁၅ - ၂း၁၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(ပထမပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Yangon Panorama (အာဆီယံယဉ်ကျေးမှုကပွဲအခမ်းအနား)
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလ ဒီဂရီကောလိပ်မှသည်
၁၀း၂၀ - ၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ - ၄း၂၅	သွားမယ်စားမယ် (Ciao Pizzeria Italiana)
၁၀း၄၀ - ၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ - ၄း၄၅	ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	Euro Goals
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	နေရာတိုင်းတွင်အသုံးဝင်ရှားစောင်းလက်ပပ်အပင်
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၂၀ - ၆း၂၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ချစ်သလားမမေးနဲ့"
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea-Tottenham	ESPN(Live)
၈း၂၅	Sunderland-Man City	Star Sports(Live)
၉း၂၅	Aston Villa-Liverpool	ESPN(Live)

အတည်ပြုချိန် ၂း၀၀

ပန်းဆယ်မျိုး အနုပညာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "ပန်းဆယ်မျိုး အနုပညာသုတေသနစာတမ်းဖတ်ပွဲ" အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ယနေ့နံနက် ၉နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ နံနက်ပိုင်းတွင် ပန်းထိမ်ပညာရှင်ဦးမြင့်တင်(စာရေးဆရာမှတ်ကျောက်) က **"မြန်မာ့ရိုးရာရွှေပန်းထိမ်"**စာတမ်း၊ပန်းထိမ်ပညာရှင်ဦးတင်လှက **"မြန်မာ့ရိုးရာငွေပန်းထိမ်"**စာတမ်းနှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီပညာဌာနမှ လက်ထောက်ကထိက ဒေါ်မြခက်က **"မြန်မာ့ရိုးရာပန်းချီနှင့် ပြောင်းလဲတိုးတက်မှုများ"** စာတမ်းတို့ကို ဖတ်ကြားပြီးစာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ဆွေးနွေးအကြံပြု

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပန်းချီပညာဌာနမှပါမောက္ခ ဦးတင်မောင်လွင်က **"မြန်မာ့ရိုးရာပန်းချီပညာ၏ (၂၁)ရာစုဦးကာလတိုးတက်ရောက်ရှိမှုများ"** စာတမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းပုပညာဌာနမှ နည်းပြ ဒေါ်ခိုင်သဇင်ထွေးက**"မြန်မာ့ရိုးရာပန်းယွန်းပညာနှင့်နည်းပညာ"**စာတမ်းနှင့် ယွန်းပညာရှင်ဦးသောင်းထွန်းက **"မြန်မာ့ရိုးရာယွန်းပညာကို ထိန်းသိမ်းခြင်းနှင့် သစ်လွင်ဆန်းသစ်သောအနုပညာလက်ရာများကို ပေါင်းစည်းခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြသည်။ ယင်းနောက် ဖတ်ကြားတင်သွင်းထားသော စာတမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပညာရှင်သုတေသီများ၊ ဧည့်သည်တော်များ၊ သုတေသန ဝန်ထမ်းများက ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေး မှာကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ထုတ်လုပ်သုံးစွဲခြင်းလုပ်ငန်း၌ ဘိုကာရှီမြေဆွေး၊ တီကျစ်စာမြေဆွေး၊ တင်လဲရည်၊ တီဆေးရေတို့ ခင်းကျင်းပြသထားမှုနှင့် တီကောင်မွေးမြူရေးကန်ကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၄၇/၃)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော လိန်းလီတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကာ စီမံကိန်းရှုရပ်မှနေ၍ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ပန်းဆယ်မျိုး အနုပညာ သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံ-အိန္ဒိယ ဗုဒ္ဓဘာသာ ဘုရားဖူးခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

အာဆီယံ-အိန္ဒိယ ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ASEAN - India Workshop on the Development of Buddhist Pilgrimage Tourism) ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဩဂုတ် ၂၅ ရက်မှ ၂၈ရက်အထိ ပုဂံ၊ မန္တလေးနှင့် ရန်ကုန်မြို့များ၌ ကျင်းပရာ အာဆီယံနိုင်ငံများနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်တွင် ပုဂံမြို့ရှိ နန်းမြင့်မျှော်စင်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Nicholas Tandi Dammen နှင့် အိန္ဒိယသမ္မတနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Under secretary Mr. Bani Brata Roy တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်များကို ပုဂံ နန်းမြင့်မျှော်စင် ဒုတိယထပ်ရှိ Seminar Room ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က သဘာပတိအဖြစ်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ Undersecretary Mr. Bani Brata Roy နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်မှုဌာနမှ ညွှန်ကြားရေးမှူး Mr. Binh Vu The တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဦးဆောင်၍ ကျင်းပခဲ့ပြီး ကျွမ်းကျင်သူပုဂ္ဂိုလ်များကဗုဒ္ဓဘာသာထွန်းကားပြန့်ပွားမှုနှင့် ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များကို ရှင်းလင်းတင်ပြကြကာ အာဆီယံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအသီးသီးရှိ ဗုဒ္ဓဘာသာ ဘုရားဖူးခရီးစဉ် ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့အစီအစဉ်များကို ဩဂုတ် ၂၆ရက်တွင် မန္တလေးမြို့ Mandalay Hill Resort ၌ ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က သဘာပတိအဖြစ်လည်းကောင်း၊မြန်မာနိုင်ငံမှအလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာခင်မောင်ညွန့်နှင့် မလေးရှားနိုင်ငံမှ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ် Dr. Zulkfil Bin Mohamad တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဦးဆောင်၍ ကျင်းပခဲ့ပြီး အာဆီယံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးတွဲ ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များဖော်ထုတ်ရေးနည်းလမ်းများနှင့်စီမံကိန်းလုပ်ငန်းစဉ်ကို ညှိနှိုင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပြန်လည်ညှိနှိုင်းသုံးသပ် အစည်းအဝေးကို ဩဂုတ် ၂၇ရက်တွင် ရန်ကုန်မြို့ Inya Lake Hotel ၌ ကျင်းပရာ ဆွေးနွေးချက်အစီရင်ခံစာနှင့်ဘုရားဖူးခရီးစဉ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း လုပ်ငန်းစဉ်အပေါ် အတည်ပြုကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

အလုပ်ရုံဆွေးနွေးပွဲကာလအတွင်း အာဆီယံနှင့်အိန္ဒိယသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်များအဖြစ် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် မဟာစည်သာသနာ့ရိပ်သာ၊ပုဂံမြို့ရှိရွှေစည်းခုံစေတီ၊ အာနန္ဒာစေတီနှင့် ယွန်းလုပ်ငန်း အလုပ်ရုံများ၊ မန္တလေးမြို့ရှိ မဟာဂန္ဓာရုံကျောင်းနှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့်ရန်ကုန်မြို့ရှိအပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာ ပြုတက္ကသိုလ်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြကြောင်းသိရှိရသည်။ (သတင်းစဉ်)

နယူးအော်လင်းတွင် ကက်ထရီနာနှစ်ပတ်လည် အခမ်းအနားကျင်းပ

နယူးအော်လင်း ဩဂုတ် ၃၀

အမေရိကန်ပြည်ထောင်စု နယူးအော်လင်းသူ အော်လင်းသားများသည် နောက်တစ်ကြိမ်အင်အားပြင်းထန်သော မုန်တိုင်းဒဏ်ခံရရန် အလားအလာရှိနေလင့်ကစား ဟာရီကိန်းမုန်တိုင်း ကက်ထရီနာ၏ ဖျက်ဆီးခြင်းခံရမှု တတိယအကြိမ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကို သောကြာနေ့က ကျင်းပသည်။

အချို့သောမြို့သူမြို့သားများသည် ကက်ထရီနာ၏ ဖျက်ဆီးမှုမှ ပြန်လည်နာလန်ထူဆဲဖြစ်သည်။

ဂူစတပ်မုန်တိုင်းကြောင့် ကာရစ်ဘီယံဒေသတွင် ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ကာ အနည်းဆုံး ၆၈ဦးသေဆုံးခဲ့သည်။ ယင်းသည် အင်အားကောင်းသော ဟာရီကိန်းအဆင့်သို့ပြောင်း၍အမေရိကန်ပင်လယ်ကွေ့ကမ်းခြေဒေသများဆီသို့ တနင်္လာနေ့၌ ဝင်ရောက်မည်ဟုကြေညာထားသည်။

တာဝန်ရှိသူများသည် ဂူစတပ်အတွက် ကြိုတင်ပြင်မှုများကို ခေတ္တရပ်ကာ ကက်ထရီနာတတိယအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို အကျဉ်းချုံး၍ ကျင်းပခဲ့သည်။

၂၀၀၅ခုနှစ် ဩဂုတ် ၂၉ ရက်က ရေကာတာများကျိုးပေါက်သည့် အချိန်နံနက် ၉နာရီ ၃၈မိနစ်တွင် မြို့တော်တစ်ဝန်းလုံးတွင် ခေါင်းလောင်းများထိုးကြသည်။

ဗဟိုအစိုးရ တာဝန်ရှိသူများကရေကာတာများသည် ပို၍ခိုင်မာလာပါသည်ဟု ပြောသည်။ သို့သော် အပေါက်များ၊ အက်ကြောင်းများ ရှိနေဆဲဖြစ်သည်။

ကက်ထရီနာမုန်တိုင်းကြောင့် နယူးအော်လင်းပြည်နယ်၏ ၈၀ရာခိုင်နှုန်းသည် ရေလွှမ်းခံရပြီး ပင်လယ်ကွေ့တစ်လျှောက်မှ လူ ၁၅၀၀ အသက်ဆုံးရှုံးခဲ့ရသည်။ ပျက်စီးမှုတန်ဖိုးမှာ အနည်းဆုံး ဒေါ်လာဘီလီယံ ၈၀ ရှိသည်။

အင်တာနက်။

ဂူစတပ်မုန်တိုင်းကြောင့် မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံအထွက် ကျဆင်း

ဘော့စ်စတွန် ဩဂုတ် ၃၀

မက္ကဆီကိုပင်လယ်ကွေ့တွင်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီများသည်အပူပိုင်းမုန်တိုင်း ဂူစတပ်လာမည့်လမ်းကြောင်းတွင် ကျရောက်နေသောကြောင့် ၎င်းတို့လုပ်ငန်းများကိုပိတ်လျက် အလုပ်သမားများကို ဘေးလွတ်ရာသို့ သောကြာနေ့က ရွှေ့ပြောင်းပေးကြသည်။

ဂူစတပ်မုန်တိုင်းသည် လာမည့်ရက်သတ္တပတ် စောစောပိုင်းတွင် ကမ်းလွန်ရေနံတူးဖော်ရာဒေသများသို့ ဝင်ရောက်မလာမီ အင်အားကောင်းသောဟာရီကိန်းမုန်တိုင်းအဆင့်၃သို့ရောက်ရှိသွားမည်ဟုမျှော်လင့်ရသည်။

ကမ္ဘာ့မိုးလေ သတင်းအထွေထွေ

ဂျမေကာနိုင်ငံ ကင်းစတန်းတွင် ဂူစတပ်မုန်တိုင်းကြောင့် မြစ်ရေကြီးကာ အိမ်တစ်လုံး ရေစီးကြောင်းထဲ ပြိုကျသွားသည်ကို ဩဂုတ်၂၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ၏ ရေနံအထွက်လေးပုံတစ်ပုံသည်လည်းကောင်း၊ သဘာဝဓာတ်ငွေ့အထွက် ၁၅ရာခိုင်နှုန်းသည်လည်းကောင်း ဂူစတပ်မုန်တိုင်းလာမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရာဒေသမှ ရရှိသည်။ ထို့ကြောင့် ကုန်သည်များက ရေနံရောင်းလိုအား လျော့ကျဖွယ်ရာရှိသည်ကိုတွက်ဆပြီး အမေရိကန်ရေနံစိမ်းတစ်စည် ၁၁၈ ဒေါ်လာထက် သုံးဒေါ်လာတိုးပြီး သောကြာနေ့စောစောပိုင်းက ရောင်းဝယ်ကြသည်။

အမေရိကန်တွင်းထွက်ပစ္စည်းများ စီမံခန့်ခွဲရေးဌာနက ဂူစတပ်မုန်တိုင်းကြောင့် သောကြာနေ့အထိ ရေနံထုတ်လုပ်မှု၏ ၆ဒသမ၆ ၂ရာခိုင်နှုန်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၏ ၁ဒသမ ၈၄ရာခိုင်နှုန်း မထုတ်လုပ်နိုင်ကြောင်းပြောကြားသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)
၈း၃၀ ၈။ International News.
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂း၀၀ ၅။ **မြန်မာရုပ်ရှင် 'ကြည်ပြာ' (ထွန်းထွန်းဝင်း၊မေဝင်းမောင်) [ဒါရိုက်တာ-ကြီးမြင့်]**
၁း၅၀ ၆။ အဆိုပြိုင်ပွဲ
၂း၀၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၂း၁၀ ၈။ အတီးပြိုင်ပွဲ
၂း၂၀ ၉။ **'နှစ်မွှာနတ်မိမယ်' (မင်းသူ၊ မိုးပြည့်ပြည့်မောင်)(ဒါရိုက်တာ-အောင်ကျော်ကျော်)**
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ အဆိုပြိုင်ပွဲ
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ အကပြိုင်ပွဲ
၅း၀၅ ၈။ ၂၀၀၈ခုနှစ်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
၅း၂၀ ၉။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အတီးပြိုင်ပွဲ
၆း၄၅ ၁၃။ တေးဂီတအစီအစဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၂၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၈)**
၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူး၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အထူးအာဟာရကျွေးမွေး၊ ထာဝရဆွမ်းပဒေသာပင်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အဘိုးအဘွားများအား အထူးအာဟာရကျွေးမွေးလှူဒါန်းခြင်းနှင့် ထာဝရဆွမ်းပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွန့်ညွန့် ဦးက အထူးအာဟာရအလှူငွေ ကျပ် ၁၅၀၀၀၀၊ ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့က ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀၀၀၀၀၊ မှန်ချိုသမားတော် သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦးက ငွေကျပ်၁၅၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို လှူဒါန်းကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသောအဘိုးအဘွားများအား အထူးအာဟာရ ကျွေးမွေးလှူဒါန်းခြင်းနှင့် ထာဝရဆွမ်းပဒေသာပင်လှူဒါန်းပွဲတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦးက အထူးအာဟာရအလှူငွေကျပ်၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့် အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေ ပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း လေဘေးသင့် အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေ ပေးအပ်ခြင်းနှင့် ထောက်ပံ့ ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂နာရီတွင်ပုသိမ်မြို့တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းလေဘေးသင့်မြို့နယ်များရှိ အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေ ကျပ်သိန်း၃၀၀ကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ဝင်းဝင်းမော်အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်ကြည်က တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများ အဖွဲ့ချုပ် (All China Womens' Federation) မှလှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီအောင်နှင့်လေဘေးသင့် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများအားလည်းကောင်းပေးအပ်ကြသည်။ထို့နောက်မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က လေဘေးသင့် မြို့နယ်များရှိ အမျိုးသမီးများအတွက် မတည်ရင်းနှီးငွေ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၁)မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာတွင် အချို့ယာဉ်မောင်းများမှာ အကြောင်းအမျိုးမျိုးပြလျက် ဟွန်းတီးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင်ဂွင်းငှက် ၁၁ ကောင် ထပ်မံရောက်ရှိလာရာ နေပြည်တော်နှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပင်ဂွင်းငှက်များ ထပ်မံရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ရှန်ဟိုင်း တိရစ္ဆာန်ဥယျာဉ်တို့အကြား တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင်ဂွင်းငှက်(၁၁) ကောင်သည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ယနေ့တွင် ထပ်မံရောက်ရှိလာကြောင်း သိရှိရသည်။

နေပြည်တော်နှင့်အနီးပတ်ဝန်းကျင်ရှိ ပြည်သူများသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ အခြားတိရစ္ဆာန်များနှင့် ထပ်မံရောက်ရှိသော ပင်ဂွင်းငှက်များအား လာရောက်ကြည့်ရှုလေ့လာကြရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း အပန်းဖြေလာရောက်သူ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သိမှတ်ဖွယ်ရာ ကမ္ဘာမြေလွှာ

ပင်လယ်တွင်းမှ အမြင့်ဆုံးကျောက်ဆောင်

ပင်လယ်တွင်းမှ ထိုးထွက်နေသည့် ကျောက်ဆောင်များအနက် ဩစတြေးလျနိုင်ငံ Lord Howe ကျွန်းအနီး ပစိဖိတ်သမုဒ္ဒရာအတွင်း ထိုးထွက်နေသော ဘောလ်ပိရမစ်အမည်ရှိ ကျောက်ဆောင်မှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဖြစ် မှတ်တမ်းတင် ဖော်ပြခြင်းခံရသည်။ ၎င်းကျောက်ဆောင်သည် ၅၆၁မီတာ (၁၈၄၃ပေ) မြင့်ကြောင်း သိရသည်။

အကြီးဆုံးကျွန်း

ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းမှာ ဂရင်းလန်ကျွန်းဖြစ်ပြီး စတုရန်း ကီလိုမီတာ ၂၁၇၅၀၀၀(စတုရန်းမိုင် ၈၄၀၀၀၀) ရှိသည်ဟုဆိုသည်။

သစ်တောအများဆုံး ဖုံးလွှမ်းသည့်နိုင်ငံ

ကမ္ဘာပေါ်တွင် သစ်တောအများဆုံးဖုံးလွှမ်းသည့်နိုင်ငံမှာ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ကွတ်ကျွန်းစုဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် စာရင်းဇယားများအရ နိုင်ငံ၏ ၉၅ဒသမ၇ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းလျက်ရှိသည်။

မြေအပြန့်ပြူးဆုံးနိုင်ငံ

ကမ္ဘာပေါ်တွင် မြေပြင်ပြန့်ပြူးမှု အရှိဆုံးနိုင်ငံမှာ အိန္ဒိယသမ္မတနိုင်ငံ အနောက်တောင်ဘက် အိန္ဒိယသမုဒ္ဒရာဒေသမှ လူဦးရေ သုံးသိန်းကျော်ရှိသော မော်လဒိုက်နိုင်ငံဖြစ်သည်။ အမြင့်ဆုံးတောင်ထွတ်ဟူ၍ ၂ဒသမ၄ မီတာ (၈ပေ) ရှိသော တောင်ထွတ်တစ်ခုသာရှိသည်။ ထို့ပြင် မော်လဒိုက်နိုင်ငံသည် လင်မယားကွာရှင်းပြတ်စဲမှုအများဆုံးဖြစ်ပွားသော နိုင်ငံဖြစ်သည်။ လူ ၁၀၀၀ လျှင် ၁၀ ဒသမ ၉၇ ဦး ကွာရှင်းပြတ်စဲကြကြောင်းသိရသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -သံယောဇဉ်ဝင်ရိုးစွန်း
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	ကျန်းမာကြံ့ခိုင် ဖို့နိုင်ငံ
၄း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၂၄)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အားကစားက ယဉ်ကျေးမှုကို အနိုင်ရ ပြန်ကြားရေးနှင့် မွေး/ရေ သရေကျ

နေပြည်တော် ဩဂုတ် ၃၀

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စု ပတ်လည် ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (ခ)အုပ်စုတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းကို ၁၀ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ခ) အုပ်စုတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျသွားသည်။

၁-၉-၂၀၀၈

(နေပြည်တော်ကွင်း)

(ဂ)အုပ်စု- ကာကွယ်ရေးနှင့် စီးပွား/ကူးသန်း

(ပေါင်းလောင်းကွင်း)

(ဂ)အုပ်စု-သာသနာရေးနှင့် ပြည်ထဲရေး

(၁၀၇)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ အခြေခံစာကြည့်တိုက်သင်တန်း (၂/၂၀၀၈) သို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ သင်တန်းသား သင်တန်းသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ နေပြည်တော် -ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

မုတ်သုံလေအားနည်းနေမည်

ရန်ကုန် ဩဂုတ် ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၂ဒသမ၅၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ၂၁လက်မ၊ ဘီးလင်းမြို့တွင် ၁ဒသမ ၃၈လက်မ၊ မောင်တောမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ဝဒသမ၈၇လက်မစီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၃၁ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားနည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ၀ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၂၉-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)၃၀-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း ၃၀-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၄ ဒသမ ၂နာရီခန့် ၂၉-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၈-၂၀၀၈	Tr	၂မမ (၀ဒသမ၀၈လက်မ)	၇မမ (၀ဒသမ၂၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၃၀ မမ (၇၉. ၉၂လက်မ)	၂၃၀၅မမ (၉၀. ၇၅လက်မ)	၂၇၆၆မမ (၁၀၈. ၉၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၈-၂၀၀၈ ရက် ၂၂း၁၅နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဦးဆန်းဝင်း (မြန်မာ)အားသင်တန်းဆင်းလက်မှတ် ချီးမြှင့်စဉ်။

(ကြေးမုံ)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၃၀ရက် မြန်မာစံတော်ချိန် ၁၅နာရီ ၀၃ မိနစ် ၄၀ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း အရှေ့မြောက်ဘက် မိုင် ၈၀၀ ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြည်ပ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၈ အဆင့်ရှိ အင်အားအသင့်အတင့် ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

Football Fitness Coaching Course သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၃၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ပူးပေါင်းဖွင့်လှစ်သော Football Fitness Coaching Course သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီ ၄၅မိနစ်က သုဝဏ္ဏရှိ Goal ဟိုတယ် သင်တန်းခန်းမ၌ ကျင်းပသည်။

စုပေါင်းဓာတ်ပုံရိုက်

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြ Mr. Aleksandar Bozenko (စင်ကာပူ)က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းသား၁၉ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးသင်တန်းနည်းပြဆရာ Mr.Aleksandar Bozenko အားအမှတ်တရ လက်ဆောင်ပေးအပ်သည်။ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်း သားများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သင်တန်းကို ဩဂုတ် ၂၅ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမှ၁၀ဦး၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ နှစ်ဦးစီ၊ အရှေ့တီမော၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့မှ တစ်ဦးစီ တက်ရောက်ခဲ့ကြသည်။

(ကြေးမုံ)

၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက် (၂၀)အောက် လူငယ်ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ယှဉ်ပြိုင်

အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ၌ Fox အသင်းနှင့်Lion အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၈ ခုနှစ် အမျိုးသား တံခွန်စိုက်အလွတ်တန်း ပြိုင်ပွဲနှင့်အသက်(၂၀)နှစ်နှင့်အောက် လူငယ်အမျိုးသား/ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အမျိုးသား အသက်(၂၀)အောက် ပြိုင်ပွဲတွင် Eragon(A) က K.K.S ကို (၈၉-၃၀)မှတ်၊ Golden Lighthouse အသင်းက စစ်ကိုင်းတိုင်းကို (၉၈-၂၄)မှတ်၊ မိုးကုတ်အသင်းက Furious အသင်းကို (၆၇-၄၅)မှတ်၊ B.Boy အသင်းက Eragon (B) အသင်းကို(၇၈-၅၇)မှတ်၊ အလွတ်တန်းပြိုင်ပွဲတွင် Fox အသင်းက Lion အသင်းကို (၆၂-၄၆)မှတ်၊ အမျိုးသမီး အသက် (၂၀)အောက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက မကွေးတိုင်းကို (၅၇-၃၃)မှတ်၊ စက်မှု (၁)အသင်းက မိုးကုတ်အသင်းကို (၈၃-၁၇)မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

အလွတ်တန်းပြိုင်ပွဲ၌ အမျိုးသားခြောက်သင်း၊ အမျိုးသမီးလေးသင်း၊ အသက်(၂၀)အောက်ပြိုင်ပွဲတွင် အမျိုးသားရှစ်သင်း၊ အမျိုးသမီးငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမျိုးသားပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပရာ တစ်အုပ်စုမှ အမှတ်အများဆုံးနှစ်သင်းမှာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲများမှာ ပတ်လည်စနစ်ဖြင့် ကစားပြီး အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုရမည်ဖြစ်သည်။

ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

အကြိမ်(၄၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် ဦးသန်းအောင်မိုး**(အပေါ်ပုံ)**သည် ဩဂုတ် ၂၇ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အကြိမ်(၄၀)မြောက် သွေးလှူဒါန်းခဲ့သည်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ကဝ၌ ဖွင့်

ကဝ ဩဂုတ် ၁၀

ပဲခူးခရိုင် ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်၍ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အခြေခံစာကြည့်တိုက် ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်က အဖွင့်အမှာ စကားပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးအောင်ဇော်ဦးက အခြေခံစာကြည့်တိုက် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးစာကြည့်တိုက်နှင့် ပတ်သက်သော ပညာရပ်များကို ဆွေးနွေးပို့ချသည်။

ယင်းသင်တန်းသို့ရပ်ကွက်/ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်း(စာကြည့်တိုက်မှူး)၇၈ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

အထက သုဝဏ္ဏ (၂၀၀၈)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုများ ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန် အရှေ့ပိုင်းခရိုင်၊ သယ်န်းကျွန်းမြို့နယ် အထက သုဝဏ္ဏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုယနေ့ နံနက် ၈ နာရီတွင် မူလတန်းစာသင်ဆောင်(ယုဇန)၌ ကျင်းပရာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း နာယကများ၊ သယ်န်းကျွန်းမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ၊အလယ်တန်းကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းတာဝန်ခံဆရာမကြီး ဒေါ်မြမြကြည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်၊ဗဟိုအဆင့်သချာအိုလံပစ် သတ္တမဆုရမောင်မြတ်သီဟကျော်နှင့် ဂုဏ်ထူးရှင် ၉၄ ဦးအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် ၇၃၁၀၀၀ လှူဒါန်းသော ကျောင်း အကျိုးတော်ဆောင်အဖွဲ့နာယက ဦးထွဏ်းထွဏ်း-ဒေါ်စန်းစန်းဝေ မိသားစုနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ တစ်ဦးချင်း ပေးအပ်သည်။ (ကြေးမုံ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကမာမတ်ကျေးရွာနေ (ဦးသိန်းဟံ + ဒေါ်အေးရွှေ) တို့၏ သား
မောင်သန်းထွန်း -B.Sc (Physics), Q
GWT MARINE PTE LTD (SINGAPORE)
နှင့်
ရန်ကုန်တိုင်း၊ ခရမ်းမြို့ (၁) ရပ်ကွက်၊ ကန္နားလမ်းနေ ဦးထွန်းအောင် + (ဒေါ်မြင့်) တို့၏ သမီး
မခင်မိုးမြင့် (ခ) မိုးမိုး - B.Sc (Physics)
Diploma of Nursing (YGH)Tai Pei Social Service (SINGAPORE)
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ (၁-၇-၂၀၀၈)နေ့တွင် စင်ကာပူနိုင်ငံ ROM OFFICE တွင် လက်မှတ်ရေးထိုးပြီး မြန်မာဘုန်းတော်ကြီးကျောင်း (TOPAYOH) တွင် မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။
နှစ်ဖက်မိဘများနှင့်
မောင်သန်းထွန်း + မခင်မိုးမြင့် (ခ) မိုးမိုး

အတူတူပါပဲဆိုလျှင်... မဟုတ်ပါ။

Check Yearly. See Clearly.
အဆင်းမပါသော Multi-Focal မှန်များသည် ကျယ်ဝန်းသောမြင်ကွင်း စနစ်သစ် ထည့်သွင်းထားသောကြောင့် တပ်ဆင်သူကို များစွာအဆင်ပြေချောမွေ့စေပါသည်။
Rx Power
AR Coating,Hard Coating, UV. EMI Coating
စသည့်၊ နိုင်ငံခြားအော်ဒါများကို အမြန်ဆုံး ဆောင်ရွက်ပေးနေပါသည်။
ရုံမျက်မှန်
ရွှေဘုံသာလမ်း ၀၁-၂၄၈၂၄၈
★★★★★
ရုံမျက်မှန်
ဂမုန်းလမ်းဆုံ ၀၁-၆၅၂၈၀၂

ဗို့အားမြင့်စက်ဝယ်လိုလျှင် ပစ္စည်းဖိုးလက်ခ(၅)နှစ်အာမခံပေးသော
ရုပ် ဗို့အားမြင့်စက်ကိုသုံးပါ။
- Manual စနစ်
- Auto စနစ်
- Auto + Manual စနစ်
500 VA မှ 10 KVA အထိ လက်လီလက်ကားရပြီ။
အရောင်းစင်တာ ။ အမှတ်၁၁၂၊လမ်း၃၀(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အရောင်းပြခန်း ။ အမှတ်၂၅၉၊အနော်ရထာလမ်း၊၂၉လမ်းနှင့်ရွှေဘုံသာလမ်းကြား၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ။ ၃၈၄၁၈၆၊၃၈၄၄၆၀။

ကမ္ဘာပေါ်တွင်ဆံပင်နှင့်မိတ်ကပ်ပညာ၌ အရည်အချင်းရှိသော ကျောင်းသားပေါင်းများစွာကို မွေးထုတ်ပေးနေသော ကျောင်းတွင်ပညာသင်ကြားလိုပါသလား?
Parkroyal Hotel Ballroomတွင် စက်တင်ဘာလ၊ (၇)ရက်၊ (တနင်္ဂနွေနေ့) မွန်းလွဲ(၂)နာရီမှ ညနေ(၄)နာရီအထိ ဟောပြောပွဲကျင်းပမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။
ဆက်သွယ်ရန် Phone - 662636,704533,224347,09-5122123

မွေးနေ့ဆုတောင်း
ချစ်ညီမဖြူ၏ ၃၀-၈-၂၀၀၈ ရက်တွင် ကျရောက်ခဲ့သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ သာယာသော မိသားစုဘဝကို ပိုင်ဆိုင်ပါစေ။
ကိုသန်းဌေး-မနီနီခင်

ကားအမြန်ရောင်းမည်
Volks Wagon၊ မိုက်ကရိုဘတ်စ်၊ မှန်နှစ်ခြမ်းဆက် ည/ ၅×××၊ လက်တင်မောင်းရန် ပြင်ဆင်ပြီး ညှိနှိုင်းဈေး ၄၃ သိန်း။
ဖုန်း-၀၁-၂၀၀၅၇၆၊ ၀၉၅၁ ၃၅၈၇၅

NIBBAN® နှင့် ဇယ်ရီ
မီးအားမြှင့်စက် နှင့် အင်ဗာတာ
အရောင်းမြှင့်တင်ရေးအစီအစဉ်
၅% အထူးလျှော့ဈေး
လက်ဆောင်
၁၅-၈-၂၀၀၈ မှ ၃၁-၈-၂၀၀၈ အတွင်း အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် ပင်ရင်း SHOW ROOM & SERVICE CENTER တို့တွင် ဝယ်ယူပါက ၅% အထူးလျှော့ဈေး + လက်ဆောင်များ ပေးနေပါပြီ၊
ရန်ကုန် အရောင်းပြခန်းနှင့်ဝန်ဆောင်မှုဌာန အမှတ်(၁၆၄)၊ ဗိုလ်ရှုံလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၂၅၁၇၉၂
မန္တလေး အရောင်းပြခန်းနှင့်ဝန်ဆောင်မှုဌာန အမှတ်(၁၇၈)၊ ၂၆(ဘီ)လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - (၀၂)၆၀၉၀၉

ဘယ်သူမှ မသိအောင်
တိတ်တိတ်ကလေး
ကျိတ်စုထားတဲ့ ပိုက်ဆံတွေ
ရှိနေတယ်မဟုတ်လား
ချစ်သူကို
အမှတ်တရပေးဖို့ပဲဖြစ်ဖြစ်
အိမ်က လေဒီကို
အမျက်ပြေအောင်ချော့ဖို့ပဲဖြစ်ဖြစ်
အလုပ်သွားနေတဲ့အိမ်ဦးနတ်ကို
အိမ်ပြန်အရောက်မှာ
အမောပြေစေဖို့ပဲဖြစ်ဖြစ်
စုထားတဲ့ပိုက်ဆံတွေနဲ့
လက်ဝတ်ရတနာဒီဇိုင်းလှလှ
ဈေးချို ချိုလေးတွေ ဝယ်ချင်တယ်ဆိုရင်
Jasmine Phyu ကို
ရောက်အောင်လာခဲ့နော်
အပြုံးတွေနဲ့ကြိုနေမယ်. . .
Jasmine Phyu
Gem & Jewellry Shop
No.56, Kabar Aye Pagoda Road
Yinkin Township, Yangon,
Myanmar.
Tel: 95-1-661762

"USE"
ကိုရီးယားနှင့်နိုင်ငံခြားဘာသာသင်တန်း
* ကိုရီးယား၊ တရုတ်၊ အင်္ဂလိပ်၊ ဂျပန်
* တန်းခွဲသစ်များကို စက်တင်ဘာလဆန်းတွင်စမည်။
Center (1) C/4 တိုက် (၈)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်
Center(2) 5/B တိုက် (၁၀၁)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်
Ph:09-516-7869, 09-90-31284

ပျောက်ဆုံးခြင်း
ဒေါ်ဝင်းဝင်းမြင့် [၁၃/တကန(နိုင်) ၀၂၇၂၀၂] ကိုင်ဆောင်သူ၏ PP No. 214559 ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးပို့ပါက ကျေးဇူးဆပ်ပါမည်။
Phone; 09 50 18342

ဥတုရာသီ
တောကိုမှီ၏

တို့ကမ္ဘာမြေကျန်းမာဖို့ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့
Helping Our Earth Stay Healthy
၂၀၀၈ ဩဂုတ်လ ၁၁ ရက် မှ ၂၀၀၉ ဖေဖော်ဝါရီ ၁၁ ရက် အထိ
တာဝန်သိ ကမ္ဘာသူ၊ကမ္ဘာသားတစ်ယောက် အနေနဲ့ City Mart Supermarket ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နဲ့ စိမ်းလန်းသာယာလှပစေရေး လှုပ်ရှားကြိုးပမ်းမှုမှာ တက်တက်ကြွကြွပါဝင်ရင်း လက်ဆောင်တွေလည်းထုတ်ယူလိုက်ရအောင်...
လျှော်ပြီးပြန်သုံးနိုင်တဲ့ ဈေးဝယ်အိတ်တစ်လုံးကို ၇၀၀ ကျပ် နဲ့ လိုသလောက် ရောင်းပေးမယ်။
၃၅၀ ကျပ်
အိတ်တစ်လုံးရောင်းရတိုင်း ၅၀ ရာခိုင်နှုန်း(၃၅၀ ကျပ်)ကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး အဓိကလုပ်နေတဲ့မင်္ဂလာမြန်မာအဖွဲ့ကို လှူဒါန်းမှာဖြစ်ပါတယ်။
City Mart Supermarket မှာ ဈေးဝယ်တဲ့အခါ ဝယ်ထားတဲ့ ပစ္စည်းတွေထည့်ဖို့ ကျွတ်ကျွတ်အိတ်လုံးဝမသုံးပဲ အဲဒီအိတ်တွေထဲကိုပဲ ထည့်ယူမယ်ဆိုရင် ဝယ်ထားတဲ့ပမာဏအလိုက် ပွိုင့်တွေစုလို့ရပြီပေါ့။
ကျွတ်ကျွတ်အိတ်မသုံးဘဲဝယ်ထားတဲ့ ငွေရှင်းဖြတ်ပိုင်းကို Service Counter မှာတင်ပြပြီး ပွိုင့်စုဆောင်းနိုင်ပါတယ်။ ကတ်တစ်ကတ်ထဲမှာ ပွိုင့် ၄၀ စုမိတိုင်း Super Lamp တံဆိပ် စွမ်းအင်ချွေတာရေး မီးလုံး တစ်လုံးကိုထုတ်ယူနိုင်ပါတယ်။
ဝယ်ယူမှုပမာဏအလိုက် ရမဲ့ပွိုင့်တွေကတော့
ကျပ် ၈၀၀၀ မှ ၁၅၀၀၀ အတွင်း - ၁ ပွိုင့်
ကျပ် ၁၅၀၀၁ မှ ၃၀၀၀၀ အတွင်း - ၂ ပွိုင့်
ကျပ် ၃၀၀၀၁ မှ ၄၅၀၀၀ အတွင်း - ၃ ပွိုင့်
ကျပ် ၄၅၀၀၁ မှ အထက် - ၅ ပွိုင့်
SUPER LAMP စွမ်းအင်ချွေတာရေးမီးလုံး
၄၀ ပွိုင့် =
REDUCE, REUSE AND RECYCLE !

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဘိုင်အိုဒီဇယ်စက်ရုံနှင့် စိုက်ပျိုးမွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဘိုင်အိုဒီဇယ် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိ ကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဘက်စုံသုံး ဇီဝမီးဖိုနှင့် လျှပ်စစ်ထုတ်လုပ်မှုပြခန်းရှိ Two-Way Gasifier ဖြင့် လျှပ်စစ်မီးထုတ်လုပ်မှုကိုလည်းကောင်း၊ တစ်နေ့တင်း ၁၀၀ ကျ ကြက်ဆူစေ့ အခွံချွတ်စက်၊ တစ်နေ့ဂါလန် ၅၀ကျ ကြက်ဆူဆီကြိတ်စက်၊ တစ်နာရီဂါလန် ၆၀ စုပ်ယူ စစ်ထုတ်ပေးနိုင်သည့် ကြက်ဆူဆီစစ်စက်၊ တစ်နေ့ပိဿာ ၇၀ ကျ ကြက်ဆူကြိတ်ဖတ်လောင်စာတောင့်စက်နှင့် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ အဆင့်ဆင့်ထုတ်လုပ်မှုတို့ကို လည်းကောင်း၊ ခာတုဇီဝနည်းပညာသုံး Fiber မိလ္လာအိုးများ၊ အနံ့ဆိုးပျောက်ဆေးရည်များ ခင်းကျင်းပြသထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ် မင်းအောင်လှိုင်သည် တောင်ကြီးမြို့ရှိ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ရွှေညောင်-ညောင်ရွှေ ကားလမ်းဘေးရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ နန်းသီတာစခန်း အမှတ်(၂)တွင် ကြက်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်တို့ကို လည်းကောင်း၊ နန်းသီတာစခန်း အမှတ်(၁)ရှိ ဝက်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့သည် ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု အင်းခေါင်းကျေးရွာ အင်းခေါင်းဆည်အနီးတွင် ကျင်းပသော ၂၀၀၈ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြကာ ပြိုင်ပွဲဝင် ကောက်စိုက်လုံမေ အသင်းများ၏ ကောက်စိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိကြသည့် ကောက်စိုက်အသင်းများအား ဆုဖလားနှင့် ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ တီကောင်မွေးမြူခြင်း၊ တီကောင်စွန့်ပစ် မြေဩဇာနှင့် စွန့်ပစ်မြေဩဇာအရည်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကလောမြို့နယ် အင်းခေါင်းကျေးရွာ၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ကောက်စိုက်လုံမေ အသင်းများ၏ ကောက်စိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဂူစတပ်မုန်တိုင်းရန်မှလွတ်မြောက်ရန် လူဝီစီယားနားပြည်သူတို့ ရွှေ့ပြောင်းကြရ

ဘလွန်းဘတ် ဩဂုတ် ၃၀

ဂူစတပ်မုန်တိုင်းသည် ကျူးဘားနိုင်ငံ အနောက်ဘက်ကမ်းလွန်တွင် ဟာရီကိန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ အင်အားကောင်းလာပြီး အမေရိကန်ပင်လယ်ကွေ့ကမ်းခြေကို တိုက်ခတ်ရန် ခြိမ်းခြောက်နေပြီဖြစ်သဖြင့် လူဝီစီယားနားပြည်နယ်သူ၊ ပြည်နယ်သားများသည် ဘေးလွတ်ရာသို့ စနေနေ့မှစတင်၍ ကားများဖြင့် ရွှေ့ပြောင်းနေကြပြီဖြစ်သည်။

နယူးအော်လင်းတွင်လည်း ဒေသစံတော်ချိန် နံနက် ၈နာရီမှစတင်၍ အိမ်ထောင်စုများ ရွှေ့ပြောင်းရေးအတွက် အကူအညီပေးနေကြောင်း မြို့တော်ဝန်ကပြောသည်။ သမ္မတဘုရှ်က လူဝီစီယားနားပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာပြီး ပြည်နယ်နှင့် ဒေသဆိုင်ရာ ကယ်ဆယ်ရေးဆောင်ရွက်မှုကို ဗဟိုအစိုးရက အကူအညီပေးရန် အမိန့်ပေးခဲ့သည်ဟု အိမ်ဖြူတော်မှပြောသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ငလျင်လှုပ်၊ ၂၂ ဦးသေ

ပန်ရှီးဟွာ(စီချွမ်) ဩဂုတ် ၃၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ပန်ရှီးဟွာမြို့တွင် စနေနေ့ကပြင်းအား ၆ ဒသမ ၁ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ရာ ၂၂ဦး သေဆုံးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ည ၉နာရီထိ စီချွမ်တွင် ၁၇ဦး သေဆုံးပြီး ၁၀၀ ဒဏ်ရာရရှိ၍ အိမ်နီးချင်း ယူနန်ပြည်နယ်တွင် ငါးဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ငလျင်သည် ပန်ရှီးဟွာ၊ ယန်ဟီးခရိုင်နှင့် လျံရှမ်းစီရင်စု ဟွာလီနယ်တို့အကြားတွင် ပေကျင်းစံတော်ချိန် ညနေ ၄နာရီခွဲတွင် လှုပ်သွားခြင်းဖြစ်သည်။ ပန်ရှီးဟွာမြို့လယ်မှ အရှေ့တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ မြောက်ဘက် ၂၆ ဒသမ ၂ ဒီဂရီနှင့် အရှေ့ဘက် ၁၀၁ ဒသမ ၉ ဒီဂရီ မြေအောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုချက်ပြု၍ လှုပ်ခြင်းဖြစ်သည်ဟု အမျိုးသားငလျင်လေ့လာရေးဌာနက ပြောသည်။

ပန်ရှီးဟွာ မီယီစီရင်စုတွင် အပျက်အစီးပုံများအကြား၌ (၅၄) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး သေဆုံးပြီး ယန်ပီယန်စီရင်စုတွင်လည်း တစ်ဦးသေဆုံးသည်။ အိမ် ၁၀၀၀ နီးပါး ပျက်စီးပြီး ၄၀၀ ခန့်မှာ အက်ကြောင်းများ ဖြစ်သွားသည်။

လျံရှမ်းစီရင်စု၏ ငလျင်ဒဏ်သင့်သော ခရိုင်များတွင် ၈၆ ဦး ဒဏ်ရာရရှိ၍ အိမ်အမြောက်အမြား ပျက်စီးသွားသည်။ အပျက်အစီးပုံများအောက်တွင် ပိတ်မိနေသော လူအရေအတွက်ကိုမူ ချက်ချင်း မသိရှိနိုင်သေးပေ။

ယူနန်ပြည်နယ် ချူစောင်စီရင်စုတွင် ငါးဦးသေဆုံးပြီး ၂၆ဦးဒဏ်ရာရရှိသည်။

တရုတ်ငလျင်စီမံရေးအဖွဲ့၊ စီချွမ်နှင့် ယူနန်ပြည်နယ် ငလျင်ဌာနများမှ တာဝန်ရှိသူများသည် ငလျင်ဒဏ်ခံရသော ဒေသများသို့ ထွက်ခွာသွားကြသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ကျောက်ဆောင်များ ပေါ်များပြီး မြေအနေအထား ကြမ်းတမ်းသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အဟန့်အတားဖြစ်နေသည်။ ***အင်တာနက်။***

ဂူစတပ်မုန်တိုင်း ဒိုမီနီကန်သမ္မတနိုင်ငံကမ်းခြေကို ဝင်ရောက်တိုက်ခတ်နေစဉ်။

[ယင်းမုန်တိုင်းကြောင့် ဟေတီနှင့်ဒိုမီနီကန်တွင် လူ၂၂ဦးသေဆုံးခဲ့သည်။] ***ဓာတ်ပုံ-အင်တာနက်။***